မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၂)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာ ဗစ်တာ ယာနူကိုဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီကိုလာ အဇာရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အစီရင်ခံစာတင်သွင်းခြင်း အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၈) ဦးတို့ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း (၄)ခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်)

ပြည်သူ့အစိုးရ ပြည်သူလူထုအကျိုး ရှေ့တန်းတင်ဆောင်ရွက်နေ ပြည်သူများကျရာကဏ္ဍက အားကြိုးမာန်တက်လက်တွဲပါဝင်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဩဂုတ် ၂၂ ရက်နေ့က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်တွင် အတည်ပြုပြီးသော ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပခဲ့ပြီး ပထမအကြိမ် လွှတ်တော်အရပ်ရပ်ကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ကို ခိုင်ခိုင်မာမာဖွဲ့စည်းကာ ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျကျ အသက်ဝင်ပုံပေါ်လာရန် ပုံဖော်တည်ဆောက်ထမ်းရွက်နေကြပြီဖြစ်၍ ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို အောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှု၍ ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ကာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် စေတနာကို ထုတ်ဖော်ပြသဆောင်ရွက်လျက်ရှိသည်။

ပြည်သူများမျှော်လင့်နေကြသည့် ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်သမ္မတက "ပြည်သူ့အစိုးရ ဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါမယ်။ ပြည်သူလူထုစိတ်ကျေနပ်မှု၊ ပြည်သူလူထုစိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားအားထားမှုကို ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ်ကိုပါပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်တွေ ဆက်လက်ဆွဲကိုင်ထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးအာဏာဟာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တည်ရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ပြည်သူများအပိုင်းကလည်း နားလည်သဘောပေါက်ပြီး နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍက အားကြိုးမာန်တက် လက်တွဲပါဝင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက်ရှိသူများအား ခွဲစိတ်ကုသရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ကူညီပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက်ရှိသူများအား ခွဲစိတ်ကုသပေးရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ လမ်း ၆၀×၃၅လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ဇနီးဒေါ်မြတ်ငွေနှင့်မိသားစုက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ငွေကျပ်သိန်း ၃၀၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများက ငွေကျပ် နှစ်သိန်းရှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ bwl ကုမ္ပဏီ MD ဒေါ်မိုးမိုးကိုယ်စား ကုမ္ပဏီဝန်ထမ်းများက အလှူငွေကျပ်သိန်း ၁၀၀နှင့် ကျန်အလှူရှင်များ၏ အလှူငွေများကို မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

လှူဒါန်းငွေ

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဦးစီးပြုလုပ်မည့် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းသည့် လူနာများအား ခွဲစိတ်ကုသရန်အတွက် အလှူရှင် ၃၂ ဦး၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၁၆၇၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရေးဆွဲ

စာဆိုတော်ကြီး ရာ ဘင် ဒြာ နတ် တဂိုး၏ မူဟန် အသွယ်သွယ်ကို အမျိုးသမီးပန်းချီ ပညာရှင် နှစ်ဦး ရေးဆွဲကြစဉ်။

ရာဘင်ဒြာနတ်တဂိုး အထိမ်းအမှတ်ပုံတူပန်းချီကားများ ပြသမည်

ရန်ကုန် ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံမှ ကမ္ဘာကျော်စာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုး၏ နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်ပြပွဲ ပြသနိုင်ရန် အိန္ဒိယနိုင်ငံ ICCR (India Council of Culture Relation) နှင့် မြန်မာနိုင်ငံရှိ အိန္ဒိယနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် စာဆိုတော်ကြီး၏ ပုံတူပန်းချီကားများရေးဆွဲခြင်းကို ဩဂုတ် ၂၀ ရက်မှ ၂၁ ရက် အထိ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး၌ ကျင်းပခဲ့သည်။

စာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုး၏ မူဟန်အသွယ်သွယ်ကို မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)မှ ပန်းချီပညာရှင် ၂၁ ဦးနှင့် အိန္ဒိယနိုင်ငံမှ အမျိုးသမီးပန်းချီပညာရှင်နှစ်ဦးတို့က ရှုထောင့်အမျိုးမျိုးမှ ခံစားရေးဆွဲကြခြင်းဖြစ်သည်။

ရေးဆွဲပြီးသော ပန်းချီကားများကို စာဆိုတော်ကြီး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ၊ မန္တလေးမြို့တွင် စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ အများပြည်သူကို ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကွမ်းလုံဆေးရုံ၌ ဓာတ်မှန်စက်ဝယ်ယူတပ်ဆင်မည်

ကွမ်းလုံ ဩဂုတ် ၂၃

ရှမ်းပြည်နယ် ကွမ်းလုံခရိုင် ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံတွင် အသုံးပြုရန်အတွက် (Altrasound) တီဗွီဓာတ်မှန်စက်ဝယ်ယူတပ်ဆင်မည်ဖြစ်ရာ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

Altrasound စက်ဝယ်ယူရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မတည်လှူဒါန်းငွေကျပ်ငါးသိန်း၊ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၃၁၂၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး **(အောက်ပုံ)** ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ထွန်းတင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကျွန်းလှ၌ စုပေါင်း သစ်ပင်စိုက်ပျိုး

ကျွန်းလှ ဩဂုတ် ၂၃

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၄ ရက် နံနက်က သက္ကယ်ကျင်းကျေးရွာအုပ်စု ပေပင်ချောင်ကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၄၅၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြသော ၁၉၇၉ ဘူမိဗေဒနောက်ဆုံးနှစ် ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်(စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးတိုးအောင်မြင့် ဖုန်း-၀၉-၈၃၀၃၂၁၇၊ ၀၆၇-၄၀၈၀၀၂၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁၆၀၀၆၉၊ ၀၁-၆၆၀၉၁၉၊ ဦးထွန်းထွန်းဝေ ဖုန်း-၀၉-၅၀၀၉၇၁၅၊၀၁-၂၉၉၀၈၅၊ ဦးအောင်ကျော်လှ ဖုန်း-၀၉-၅၀၀၃၉၅၆၊ ၀၁-၇၀၉၀၉၄၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၄၀၂၆၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၇၃၀၇၀၀၃၆၊ ဦးသန်းရွှေ ဖုန်း-၀၉-၅၄၀၆၆၀၇၊ ဦးမင်းအောင်ထွန်း ဖုန်း-၀၉-၄၉၃၁၂၇၅၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကမ္ဘောဇဘဏ်ရုံးချုပ် (ကမာရွတ်) ငွေစာရင်းအမှတ်-၀၂၁၁၂၂၀၀၃၂၆၄၅ သို့လည်း ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝက်ရောဂါများ ကာကွယ်ရေး မိုးမောက်မြို့နယ်၌ ဆောင်ရွက်

မိုးမောက် ဩဂုတ် ၂၃

ဝက်ရောဂါများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းဆောင်ရွက်လျက်ရှိရာ ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ ကျေးရွာများတွင်လည်း တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီက မိုးမောက်မြို့၌ ရွာလုံးကျွတ်ဝက်မွေးမြူသော အောင်သာကုန်းကျေးရွာရှိ ဝက်မွေးမြူရေးခြံများသို့ ခြံဖျန်းပိုးသတ်ဆေး အခမဲ့ဖျန်းခြင်း၊ ဝက်များကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုသပေးခြင်း၊ ဝက်နားရွက်ပြာရောဂါဖြစ်စေနိုင်သောအကြောင်းရင်းနှင့် တွဲဖက်ဖြစ်ပေါ်တတ်သော ဝက်ဝမ်းကျရောဂါကာကွယ်ဆေးထိုးနှံရေးနှင့် ဟောပြောခြင်းများကို ကျင်းပခဲ့ရာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇိုလ်ဇိုလ်ထွေး၊ တိရစ္ဆာန်ကျန်းမာရေးအကူ ဦးလိုင်ကြူ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ဦးစိုင်းလောကက်တို့က ဟောပြောခဲ့ပြီး ကျေးလက်နေပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် မွေး/ကု)

ပေးအပ်လှူဒါန်း

ဩဂုတ် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ အလှူရှင် (ဦးအေးညို)-ဒေါ်မေစီသင်း၊ သားကိုဝင်းအေး-မမြတ်ဆွေဇင်၊ ကိုအောင်နိုင်ဝင်း-မမိုးကေသီ၊ကိုဇော်ဇော်အောင်-မခိုင်မြတ်မာလာစိုး၊ မြေး မင်းဉာဏ၊ စွမ်းမြတ်သချေ်အောင် မိသားစုက မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ကျေးတက်ဓမ္မရိပ်သာကျောင်း သိမ်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၁၈၀ ပေးအပ်လှူဒါန်းရာ အကျိုးဆောင်အဖွဲ့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၈။ **သစ်ပင်သစ်တောများ**
- ၈:၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၃၅ ၅။ သီချင်းကြီးပဒေသာ
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊အရှေ့တိုင်းပညာ အထူးပြုများ) (ဒဿနိကဗေဒ)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၁၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)
- ၅:၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၆:၅၅ ၁၅။ **(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ** (ရေကူး)
- ၇:၁၅ ၁၆။ မြန်မာ့ယဉ်ကျေးမှုအကအလှများ
- ၇:၂၀ ၁၇။ **နိုင်ငံ့ဝင်ငွေတိုးတက်ဖွံ့ရှာရေထဲက မြန်မာ့ပုလဲရတနာ**
- ၇:၃၅ ၁၈။ အေဝမ်းစိုးမြင့်ဝိုင်းသံစုံတူရိယာ ဖျော်ဖြေခန်း
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၇)
- ၂၄။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ **ဇာတ်တော်ကြီးပြိုင်ပွဲ ဥဂ္ဂသေနဇာတ်တော်ကြီး** (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး) (ပထမပိုင်း)
- ၂၅။ အစီအစဉ်ပြီး၏။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ကရင်ပြည်သူ့ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ချင်းအမျိုးသားပါတီ၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် တစ်သီးပုဂ္ဂလတို့မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသူရိန်ဇော်၊ ဦးခက်ထိန်နန်၊ ဦးမန်းအောင်တင်မြင့်၊ ဦးဆိုင်ပေါင်းနပ်၊ ဦးခွန်လိန်း၊ ဦးဘရန်ရှောင်၊ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ၊ ဒေါက်တာသန်းဝင်း၊ ဦးညွန့်တင်၊ ဦးနေဝင်းထွန်း၊ ဦးစောနေကော်ကြီး၊ ဦးစခုန်တိန့်ယိန်း၊ ဒေါက်တာဗညားအောင်မိုး၊ ဒေါ်ဇာတလဲမ်၊ ဦးအိုက်မုန်း၊ ဒေါ်နန်းစေအွာ၊ ဦးအောင်ထွန်းသာ၊ ဦးဝင်းဆွေနှင့် ဦးသိန်းညွန့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူမစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးသိန်းညွန့်ပါ (၂၀)ဦးတို့က လျှောက်ထားသည့် အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democracy Party) တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ခုနှစ် ဩဂုတ် ၂၃ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သက်ကြီးဆရာဝန်များအား အရိုးပွစစ်ဆေးခြင်း အခမဲ့ ပြုလုပ်ပေးမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (SGED)မှ အသက်(၇၀)ကျော်သက်ကြီး ဆရာဝန်များအား Bone Densitometry (အရိုးပွစစ်ဆေးခြင်း)ကို ဩဂုတ် ၂၉ ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ စစ်ဆေးမည်ဖြစ်ပါသဖြင့် စစ်ဆေးမှုခံယူလိုသော ဆရာဝန်ကြီးများသည် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ရုံးခန်း ဖုန်း-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆သို့ ဩဂုတ် ၂၇ရက်(စနေနေ့)နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာနိုင်ငံဆရာဝန်အသင်း)**

ပြန်လည်ဖြေကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ထိုသို့ဖြေကြားရာတွင် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **လှိုင်သာယာမြို့နယ်အတွင်း အချို့မူလတန်းကျောင်းများမှာ အုတ်နံရံ၊ ကြမ်းခင်းများ ပျက်စီးနေသောကြောင့် ပြင်ဆင်ပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အချို့သော အခြေခံပညာမူလတန်းကျောင်းများအား ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရန်** မေးခွန်းများနှင့် စပ်လျဉ်း၍ လှိုင်သာယာမြို့နယ်အတွင်း အခြေခံပညာကျောင်းများကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ရန်ပုံငွေများ ခွဲဝေချထား၍ ပြင်ဆင်ပေးခဲ့ပြီး နှစ်စဉ်တိုးချဲ့ဆောင်များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ပြန်လည်ပြင်ဆင်ရန်၊ အသစ်ပြန်လည်ဆောက်လုပ်ရန်နှင့် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်သော အခြေခံပညာကျောင်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကွင်းဆင်းစိစစ်တွက်ချက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေါပုံမဲဆန္ဒနယ်မှ ဦးလှုမြင့်၏ **ယခင်ပညာရေးဝန်ကြီးဌာနက သုတေသနပညာသင်ထောက်ပံ့ကြေး (Research Stipend) ကို ပြန်လည်ချီးမြှင့်ရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်တွင်းပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ၊ သုတေသနရန်ပုံငွေများဖြင့် ပညာရေးကဏ္ဍမြင့်မားရေးနှင့် ထူးချွန်ထက်မြက်သော ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ သုတေသနသင်တန်းသား၊ Training သင်တန်းသား၊ Study Tour နှင့် ဆွေးနွေးပွဲတက်ရောက်သူ စုစုပေါင်း (၁၂၀၉) ဦးတို့အား ပြည်ပသို့စေလွှတ်ပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာပညာသင်ဆုများ၊ ပြည်တွင်း ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပိုမိုချီးမြှင့်သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုံလောက်စွာသင်ကြားနိုင်

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် လိုအပ်လျက်ရှိသော အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း အသစ်ဖွင့်လှစ်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စက်ကလေး၌ လက်ရှိ ကျောင်းဆောင်များအရ ကျောင်းသားကျောင်းသူများ လုံလောက်စွာ သင်ကြားနိုင်သော အနေအထားရှိပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သတ်မှတ်ထားသည့် အချက်အလက်များဖြင့် အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း (၅)ခုကို မေးမြန်းခဲ့ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ထိုသို့ဖြေကြားရာတွင် **သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး၏ သန်လျင်မြို့နယ် သူဌေးကွင်းရွာနှင့် ခရမ်းမြို့နယ် မောင်းမရွာသို့ ဖောက်လုပ်ထားသည့် ကျောက်နှင့် မြေသားလမ်း (၁၈) မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ သူဌေးကွင်း - ပုဂံတောင် - ဖားကူး - မောင်းမလမ်း ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနှင့် သွားလာမှု လွယ်ကူစေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် တိုင်းဒေသကြီး၏ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် လျာထားတင်ပြတောင်းခံ၍ ခွဲဝေရန်ပုံငွေရရှိမှုအရ လမ်း/တံတားများအား အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၏ **တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်များသို့ ဆက်သွယ်ထားသော ဂဝံလမ်း စုစုပေါင်းလမ်းမိုင် (၂၉)မိုင် (၂)ဖာလုံကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ရွာသာရွာမှ တော်လတီ-ရေပေါ်သောင်-မြို့ချောင်းသို့သွားသော ကားလမ်းအား ပထမအဆင့် အမာခံကျောက်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန်နှင့် သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေနှင့် တိုင်းဒေသကြီး၏ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် လျာထားတင်ပြတောင်းခံ၍ ခွဲဝေရန်ပုံငွေရရှိမှုအရ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အဆင့်မြှင့်ရန်စီစဉ်ထား

မှော်ဘီ မဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အတွင်းရှိ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ ဆက်သွယ်သော အရှည် (၂ ဒသမ ၅)မိုင်ရှိ ကျောက်ကြမ်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် (၂)မိုင် (၅)ဖာလုံ လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကုန်တွင် ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ၌ လျာထားပါဝင်ပြီးဖြစ်ပါကြောင်း။

ခေါင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **တောင်ရိုးဓနုတိုင်းရင်းသားများနေထိုင်ရာ ခေါင်ချို၊ တောင်ခမ်း၊ အင်တော၊ ကျောက်ဂူ၊ ရပ်စောက်၊ တောင်ကြီး မော်တော်ကားလမ်းကို ကားကြီး၊ ကားသေး သွားနိုင်သည့် ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးပါရန်နှင့် မန္တလေး-လားရှိုးလမ်းမပေါ်ရှိ အုမ္မသီးကျေးရွာမှ မိုင် (၂၀) ကွာဝေးသော ဟိုခိုကျေးရွာအထိ ကျောက်ကြမ်းလမ်း (၁၄) မိုင်အား ကတ္တရာလမ်းခင်းပေးရန်** မေးခွန်းများနှင့် စပ်လျဉ်း၍ ရွှေညောင် - ရပ်စောက် - ကျောက်ဂူ - တောင်ခမ်း - ခေါင်ချိုလမ်းရှိ အတက်အဆင်းမတ်စောက်သည့် ဒုဋ္ဌဝတီတံတားချဉ်းကပ်လမ်းကို လမ်းသားနှိမ့်ချခြင်း၊ လမ်းကျဉ်းနေရာများကို ပျမ်းမျှ (၃၄)ပေ အကျယ်လမ်းချဲ့ခြင်းနှင့် အမာခံလမ်းမှ ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဦးစားပေးလျာထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ကို တင်ပြတောင်းခံ၍ ရန်ပုံငွေ ခွဲဝေရရှိမှုအရ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အုမ္မသီးကျေးရွာမှ ဟိုခိုကျေးရွာအထိ မိုင် (၂၀) ကွာဝေးသော လမ်းပိုင်း၌ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ကတ္တရာလမ်းအဖြစ် (၇)မိုင် ဆောင်ရွက်ပြီးဖြစ်ပြီး

ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှုမြင့် မေးမြန်းစဉ်။

(သတင်းစဉ်)

ခေါင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် မေးမြန်းစဉ်။

(သတင်းစဉ်)

၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ဆဲ (၆)မိုင် ဖြစ်သည့်အတွက် ကျန်ကျောက်လမ်း (၇)မိုင်အား ကတ္တရာလမ်းအဆင့် မြှင့်တင်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကို တင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှုအရ လုပ်ငန်းများ တစ်ဆင့်ချင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးကတင်ပြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ၄င်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ယင်းအစီရင်ခံစာကို ဩဂုတ် ၂၆ ရက်တွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

အမည်စာရင်းပေးပို့

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၄င်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ယင်းအစီရင်ခံစာကို ဩဂုတ် ၂၄ ရက်တွင် ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်း၌ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က **“ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့် ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး”** အဆိုနှင့် **“စီးပွားရေးနှီးဆွငွေကြေးကြိုတင်သုံးစွဲသမှု ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်းတစ်ရပ် ထူထောင်လုပ်ကိုင်ရေး”** အဆို၊ ဗဟန်း မဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်က **“မြန်မာနိုင်ငံ ဆေးကောင်စီ (Myanmar Medical Council) အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်”** အဆိုနှင့် **“ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက်သင့်ကြောင်း”** အဆိုတို့ကို တင်သွင်းကြသည်။

အမည်စာရင်းတင်သွင်း

ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ယင်းအဆိုများကို ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှုထွန်းက **“မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း”** ကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဩဂုတ် ၂၉ ရက် (တနင်္လာနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသော “အပိုဒ်”ကို ဖော်ပြ၍ ဩဂုတ် ၂၅ ရက် နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့ - နံနက်+နေ့လယ်+ည)

၂၅-၈-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (ဗောဇ္ဈင်္ဂသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၂၀ လောကနီတိအသိရှိစေဖို့ (စကားပြောရာမှာ သိကောင်းစရာ)
၈း၃၅ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ**
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်း တေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (မီမီဝင်းဖေ)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (မှတ်သားလေ့လာသိပ္ပံပညာ-၇)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ဂုဏ်ယူဝင့်ထည် မြန်မာ့ချည်ထည်)
၁၂း၃၀ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (လုလင်ငယ်သွေး) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (တစ်ကိုယ့်နှစ်စိတ်)
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းများ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ကြိုးကြာနက်)
၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ခင်ပွန်းတစ်ယောက် ချစ်ရာရောက်အောင်)
၂၀း၄၅ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ**
၂၁း၀၀ ဆောင်းပါး (ကမ္ဘာ့ရွာလေးလှပဖို့ သစ်ပင်စိုက်ကြစို့)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၂၀ ညချမ်းချိန်ခါတေးပဒေသာ

မသန်စွမ်းအမျိုးသမီးများ အလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ကြီးမှူးကျင်းပသည့် မသန်စွမ်းအမျိုးသမီးများ အလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံ၌ကျင်းပရာ မသန်စွမ်းအမျိုးသမီး ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် Miss Empowered Handicapped Queen ကို မေရီချက်မင်း နားမကြားသော ကလေးများကျောင်းမှ မခင်ထားထား၊ First Runner ဆုကို မေရီချက်မင်း နားမကြားသော ကလေးများကျောင်းမှ မစန္ဒာ၊ Second Runner ဆုကို မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ မကေခိုင်လင်း၊ Miss Public Award ဆုကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ဟင်္သာတရုံး)မှ မမြစံပါယ်ထွန်း၊ Miss Photogenic ဆုကို မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း (မှော်ဘီရုံး)မှ မနှင်းဝေသူနှင့် Miss Confidence ဆုကို မေရီချက်မင်း နားမကြားသော ကလေးများကျောင်းမှ မဆိုင်းဂျာတို့က ရရှိကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ အမျိုးသမီးများနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီနှင့် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာ ကော်မတီတို့မှဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ လျှပ်တစ်ပြက်
- ၄း၂၅ ၇။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ ရှေးဟောင်းသုတ
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၉၃)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ **Mail Box**
- ၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၅၀)
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့ တမ်းတခြင်း** (အပိုင်း -၁၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာဟာသကမ္ဘာ ပြုံးပြုံးပျော်ပျော်ပုံးပြိုင်ပွဲ သူရလင်း၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့် အချစ်အိပ်မက်လေးရယ်** (အပိုင်း -၃၃)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၂၃

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနစုစည်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံလူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း (၂၀၁၁)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ခေတ္တဌာနေကိုယ်စားလှယ် မစ္စတာ ရာမတ်ချ် ရှရတ်သာက လူ့အခွင့်အရေးအခြေခံစံနှုန်းများ၊ လွတ်လပ်ခွင့်နှင့် သာတူညီမျှရှိမှုများ၊ လူ့အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်များအကြောင်းကို ဆွေးနွေးပို့ချပြီး မစ္စတာ သောမတ်အိုဟေး ကွင်တားနားက လူ့အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပို့ချသည်။

ဆွေးနွေးဖြေကြား

ထို့နောက် သင်တန်းသား သင်တန်းသူများက မစ္စတာ သောမတ်အိုဟေး ကွင်တားနားအား သိရှိလိုသည်များကို မေးမြန်းကြရာ မစ္စတာ သောမတ်အိုဟေး ကွင်တားနားက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနား မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း (၂၀၁၁)၌ လူ့အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပို့ချစဉ်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P)သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A3 တွင် ရေနံရှာဖွေရေးတွင်းများကို ရေနံတွင်းတူးစက် Semi-Sub Drilling Rig "Hakuryu -5" ဖြင့် တူးဖော်လျက်ရှိပြီး တူးဖော်ခဲ့သောတွင်းများတွင် တွင်းထိန်းကိရိယာများအား ၂၀၁၁ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၂၀၁၃ ခုနှစ် မေ ၁ ရက်အထိ တပ်ဆင်ထားမည်ဖြစ်သည်။

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A3 တွင် တူးဖော်ထားသော ရေနံတွင်းများ၏ အလယ်ဗဟိုချက် တည်နေရာမှာ တွင်းအမည် Well Centre မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇ ဒသမ ၂၄၇၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၄ ဒသမ ၅၀၆၇ စက္ကန့်တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A3 အတွင်းရှိ ရေနံရှာဖွေရေးတွင်း မြ(မြောက်)တွင်းများတွင် တွင်းထိန်းကိရိယာများ တပ်ဆင်ထားစဉ်ကာလအတွင်း တွင်းများ၏ အလယ်ဗဟိုချက်တည်နေရာမှ မီတာ ၅၀၀ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ တွင်းတည်နေရာမှ မီတာ ၅၀၀ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ **(သတင်းစဉ်)**

ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၇၂စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

24-8 (05).pmd 1 8/24/2011, 2:38 AM

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

❑ *ကျောဖုံးမှ*

လေထုညစ်ညမ်းမှုထိန်းသိမ်းရေး၊ အိုဇုန်းလွှာကို ပျက်စီးစေသော ဓာတ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးနှင့် အမျိုးသားအိုဇုန်းယူနစ် တည်ထောင်ရေး လုပ်ငန်းစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိုဇုန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းရေးဆွဲရေးလုပ်ငန်း စီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများနှင့် ပတ်သက်သောလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာအမိန့် (မူကြမ်း) ရေးဆွဲပြီးဖြစ်ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကနဦးအမျိုးသား အစီရင်ခံစာ (Initial National Communication Report) ပြုစုရေးလုပ်ငန်းစီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုပမာဏကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်ကို အခြေခံပြီး တွက်ချက်ရာတွင် မြန်မာနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏမှာ တန် ၇၄ ဒသမ ၃၅၈ သန်းရှိပြီး သစ်တောများမှ ဖန်လုံအိမ်ဓာတ်ငွေ့စုပ်ယူမှု ပမာဏမှာ တန် ၁၄၂ ဒသမ ၂၂၁ သန်းရှိပါကြောင်း၊ ကာဗွန်ထုတ်လုပ်မှုထက် သစ်တောများက ကာဗွန်စုပ်ယူမှု ပိုမိုနေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အသားတင် ကာဗွန်ထုတ်လွှတ်သည့်နိုင်ငံ မဟုတ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု မေးမြန်းစဉ်။ (သတင်းစဉ်)

စီစဉ်ဆောင်ရွက်

မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို ၁၉၉၈ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပပြီး ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဆက်စပ်နေသည့်ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များက လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေရှိအောင် ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်က သစ်တောကြိုးဝိုင်းဧရိယာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုများ၏ သားသမီးများ ပညာရေးကို စဉ်းစားပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက လွှတ်တော်ရုံးဥပဒေကြမ်းကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို လည်းကောင်း အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းကြပြီး ဥပဒေကြမ်းများကို ဖတ်ကြားကြသည်။

အဆိုပါ ဥပဒေကြမ်းများကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၁ခုနှစ် ဩဂုတ်၂၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဇင်ယော်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်သည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ် ၁၂ ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာ ဒေဗီဆင်း ပတေးလ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ငါးမျိုးစိုက်ထည့်ရန် ငါး၊ ပုစွန်သားပေါက်များ မွေးမြူထား

ရန်ကုန် ဩဂုတ် ၂၃

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးကို ရည်ရွယ်ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ငါးလုပ်ငန်းစခန်းများမှ ယခုနှစ်တွင် မျိုး ငါး၊ ပုစွန်သားပေါက်ကောင်ရေ သိန်းပေါင်း ၈၂၂၀ မွေးမြူထုတ်လုပ်ပြီး ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၃၅၃၀ ကို ဆည်တမံများ၊ မြစ်ချောင်း အင်းအိုင်များ၊ ကန်များ၊ သဘာဝရေပြင်များ၊ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးရန် စီစဉ်ထားကြောင်း သိရှိရသည်။ **(ကိုချစ်)**

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ခရီးသွားလုပ်သားပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် CNG ပြောင်းလဲတပ်ဆင်ပြီးသော စီးတီးတက္ကစီယာဉ်များတွင် တက္ကစီမီတာတပ်ဆင်ပေးထားသော်လည်း တက္ကစီမီတာမသုံးဘဲ ငှားရမ်းလိုက်ပါလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တက္ကစီမီတာဖြင့် အသုံးပြုမောင်းနှင်ခြင်းမရှိသော အငှားယာဉ်များအား တွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စပါးအထွက်တိုးရေး မိုးစပါးသိပ္ပံနည်းကျ စုပေါင်းစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်အဆင့်မြင့်လယ်ယာတွင် စပါးအထွက်တိုးရေး မိုးစပါးသိပ္ပံနည်းကျစုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပရာ ပေါင်စနစ်ဖြင့် ပျိုးထောင်ခဲ့သော ပျိုးပင်များအား စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ကောက်စိုက်အဖွဲ့ ငါးဖွဲ့တို့နှင့်အတူ လက်တွေ့စိုက်ပျိုးပြသခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများကျင်းပရန် ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၁ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်သင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို အသုတ် သုံးသုတ်ခွဲ၍ ကျင်းပမည်ဖြစ်ရာ ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြုအားလုံး၏ အတန်းတင်စာမေးပွဲကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် ဥပဒေပညာ၊ စတုတ္ထနှစ်ဥပဒေပညာတို့၏ အနီးကပ်သင်တန်းများကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ပို့ချမည်ဖြစ်ပြီး အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိလည်းကောင်း၊ တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွားနှင့် စီးပွားစီမံတို့၏ အနီးကပ်သင်တန်းများကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၁၇ ရက်အထိ ပို့ချမည်ဖြစ်ပြီး အတန်းတင်စာမေးပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိလည်းကောင်း သတ်မှတ်ထားကြောင်း၊ အသေးစိတ် အချိန်ဇယားများကို ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

ပြည်တွင်း လူမှု စီးပွားသတင်းပဒေသာ

ပြည်တွင်း လူမှု စီးပွားသတင်းပဒေသာ

တပ်ကုန်း၌ ပြောင်းဖူး လှိုင်လှိုင်ထွက်သော်လည်း ဈေးအေးနေသည်

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
ကျော်သူဝင်း

တပ်ကုန်း ဩဂုတ် ၂၃

"ဒီနှစ်မှာ ပြောင်းဖူးအရောင်း မကျပေမယ့် ဈေးကတော့ အေးနေပါတယ်" လို့ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဘေး နွယ်ရစ်ရွာနားမှာ ပြောင်းဖူးတွေ ရန်ကုန် တင်ပို့ဖို့ ပြင်ဆင်နေတဲ့ ကုန်သည် ဒေါ်မြင့်သိန်းက ပြောပါတယ်။

တပ်ကုန်းမြို့ ပတ်ဝန်းကျင်မှာ ပြောင်းစိုက်တောင်သူတွေများပြီး နှစ်စဉ်ပြောင်းဖူးတင်တဲ့ကားတွေ ထောင်ချီလို့ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင် စတဲ့မြို့ကြီးတွေကို တင်ပို့နေကြပါတယ်။ ဒီဒေသမှာ အဓိက ပြောင်းစိုက်တဲ့ရွာတွေက နွယ်ရစ်၊ သူဌေးကုန်း၊ ရွှေးစု၊ ဆည်ထိပ်နဲ့ ဇရပ်ကြီးကွင်းတွေ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က စားပြောင်းတစ်ဖူးကို ကျပ် ၆၀ ကနေ ကျပ် ၇၀ အထိ ရရှိခဲ့သလို ဒီနှစ်မှာလည်း ဈေးမတက်ဘဲ အဲဒီ ဈေးနှုန်း ဝန်းကျင်ပဲရှိနေတာကတော့ အခုရာသီမှာ တခြား သီးနှံတွေဖြစ်တဲ့ မုန်လာ၊ ဖရဲစတဲ့ သီးနှံတွေလှိုင်လှိုင်ပေါ်နေလို့ ဖြစ်တယ်လို့ ဆိုပါတယ်။

မိုးဖြိုင်ဖြိုင်ရွာတဲ့ ဒီနှစ်မိုးရာသီမှာ ပြောင်းဖူး အထွက်နှုန်းတွေကောင်းလို့ ပြောင်းတစ်ဧကကို ပြောင်းဖူး အဖူး ၆၀၀၀ ကနေပြီး ၇၀၀၀ အထိ ထွက်ရှိတယ်လို့ ဆိုပေမယ့် ပြောင်းဖူးဈေးတွေကတော့ အခုအခိုက်အတန့်မှာ အေးနေတယ်လို့ ဆိုပါတယ်။

စိတ်ပူစရာမလို

နွယ်ရစ်၊ သူဌေးကုန်း၊ ရွှေးစု၊ ဆည်ထိပ်နဲ့ ဇရပ်ကြီးကွင်း ပြောင်းစိုက်တောင်သူတွေကတော့ ပန်မျိုးနဲ့ ပန်ဂိုးမျိုးတွေကို အဓိကစိုက်ပျိုးပြီး ပန်-၇၅ မျိုးကိုလည်း စိုက်ပျိုးကြပါတယ်။ ပန်ဂိုးမျိုးကတော့ ဈေးကွက်အကြိုက်မျိုးဖြစ်တဲ့အပြင် အရသာချိုပြီး အဖူးလည်းကြီးကာ လူကြိုက်များတဲ့ ပြောင်းဖူးမျိုး ဖြစ်ပါတယ်။ မျိုးစေ့ချပြီး ၇၅ ရက်မှာ ပြောင်းဖူးချိုးလို့ရတဲ့ ပြောင်းစိုက်တောင်သူတွေကတော့ ဈေးအေးနေပေမယ့် ဝယ်လိုအားရှိနေတာမို့ စိတ်ပူစရာမလိုပါဘူးလို့ ပြောကြားနေကြပါတယ်။

(မြန်မာ့အလင်း)

တပ်ကုန်းမြို့အနီး ကားလမ်းဘေး၌ ရန်ကုန်ဈေးကွက်သို့တင်ပို့ရန် ပြောင်းဖူးများ ရွေးချယ်ကာ ကားပေါ်သို့ တင်နေကြစဉ်။

မြန်မာ့ရွှေဈေးကွက်အတက်အကျမြန်

ရန်ကုန် ဩဂုတ် ၂၃

ဩဂုတ် ၁၉ ရက်(သောကြာနေ့) နံနက်က မြန်မာ့ရွှေဈေးအဖွင့်တွင် အခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၆၉၀၀၀၀ ရှိခဲ့ရာမှ ညနေဈေးပိတ်ချိန်၌ တစ်ကျပ်သား ငွေကျပ် ၇၀၄၅၀၀ ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရွှေဈေးအမြင့်ဆုံး စံချိန်တင်ခဲ့ခြင်း ဖြစ်သည်။

ရွှေဈေးတက်ရခြင်း

လမ်းမတော်မြို့နယ်ရှိ ရွှေဆိုင်ကြီးတစ်ဆိုင်က ရွှေဈေးတက်ရခြင်းမှာ ကမ္ဘာ့စီးပွားရေးဂယက်ကြောင့် နိုင်ငံခြားကုမ္ပဏီများအပေါ် အယုံအကြည်နည်းပါးလာမှု၊ ဒေါ်လာဈေးထိုးကျနေမှု၊ တရုတ်နိုင်ငံတွင် ရွှေစုသူ များပြားလာမှုတို့ကြောင့် ဖြစ်ကြောင်းဆိုခဲ့သည်။

ဆူးလေစေတီအနီး နိုင်ငံခြားငွေလဲလှယ်မှု ဈေးကွက်တွင် ပြီးခဲ့သော သောကြာနေ့ ညနေက အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၇၁၀ ဖြစ်ခဲ့ပြီး ဩဂုတ် ၂၃ ရက် (ယနေ့) နံနက်တွင် တစ်ဒေါ်လာလျှင် ငွေကျပ် ၆၈၀ နှင့် စဖွင့်ခဲ့သည်။ မဟာဗန္ဓုလလမ်းနှင့် ပန်းခြံလမ်းထောင့်မှ နိုင်ငံခြားငွေ လေ့လာသူ တစ်ဦးက "ဒီမနက် တစ်ဒေါ်လာ လဲလှယ်နှုန်း ကျပ်ငွေ ၆၈၀ ဖြစ်ပြီး အပေါ်ဈေး (ပြန်သွင်းဈေး) ကျပ်ငွေ ၇၀၀ ဝန်းကျင်ဖြစ်နေကြောင်း" ဆိုခဲ့သည်။

ကမ္ဘာ့ရွှေဈေးက တအိအိတက်နေသည်။ ဩဂုတ် ၂၃ ရက်(ယနေ့) နံနက် အဖွင့်တွင်ပင် ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၀၆ ဒေါ်လာရှိနေကြောင်း၊ မြန်မာ့ ရွှေဈေး အတက်အကျအနေဖြင့် ကမ္ဘာ့ရွှေဈေး၊ ဒေါ်လာလဲလှယ်နှုန်း၊ ရောင်းချမှု အားပေါ်မူတည်ပြီး အတက်အကျရှိနေကြောင်း ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်တစ်ဦးထံမှ သိရှိခဲ့ရသည်။

လမ်းမတော်ရွှေဆိုင်တန်း၊ ရွှေဘုံသာလမ်းရွှေဆိုင်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး ရွှေဆိုင်တန်းတို့တွင် ဝယ်သူများပါးလျက်ရှိပြီး ရွှေဈေးတက်သဖြင့် ရွှေစုထားသူ အချို့တို့ကသာ ပြန်လည်ရောင်းချလျက်ရှိနေကြသည်။ ယနေ့ညနေ ၄ နာရီ ရွှေဈေးကွက်ပိတ်ချိန်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၆၉၄၀၀၀၊ ၁၅ ပဲရည် တစ်ကျပ် သားလျှင် ငွေကျပ် ၆၅၁၀၀၀၊ ၁၄ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၆၀၈၀၀၀ ရှိကြောင်း ရွှေဈေးကွက်သတင်းတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါသည်။

(၀၄၂)

PCO ဖုန်းများဖြင့် ဆက်သွယ်သူတို့ အဆင်ပြေ

သတင်းမှတ်စု - တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့နေရာအတော်များများတွင် မြန်မာ့ဆက်သွယ်ရေးမှ အများပြည်သူသုံး PCO ဖုန်းရုံလေးများကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်နေရသည်။

မြန်မာ့ဆက်သွယ်ရေးမှ ယနေ့အထိ ရန်ကုန်မြို့တွင် PCO ဖုန်း အလုံးပေါင်း ၃၀၀၀ ကျော်ကို အများပြည်သူ အလွယ်တကူအသုံးပြုနိုင်ရန် ချပေးထားခြင်း ဖြစ်သည်။ လူစည်ကားရာနေရာရှိ ဖုန်းရုံများတွင်မူ လူ လေးငါးယောက်တစ်ပြိုင်တည်း ဆက်သွယ်အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည်။

ဖွင့်ထားပေး

ပုံမှန်အားဖြင့် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်ထားပေးလျက်ရှိပြီး အသုံးများသော နေရာများတွင် ည ၉ နာရီအထိ ဖွင့်ထားပေးကြောင်း သိရသည်။ ခေါ်ဆိုခနှုန်းထားများကမူ ဖုန်းရုံ တစ်ရုံနှင့် တစ်ရုံ မတူညီကြ။ တချို့ရုံက ပထမတစ်မိနစ်တွင်မူ ကျပ် ၃၀ မှ ၅၀ အထိယူကြသည်။ နောက်တိုးမိနစ်များအတွက် တစ်မိနစ် ကျပ် ၂၀ မှ ၃၀ အထိ ယူကြသည်။ ဒါက မြို့တွင်း ခေါ်ဆိုခနှုန်းထားဖြစ်သည်။

နယ်နှင့် လက်ကိုင်ဖုန်းခေါ်ဆိုခက ပထမတစ်မိနစ်တွင် ကျပ် ၅၀ ယူ၍ နောက်တိုးမိနစ်များအတွက် ကျပ် ၃၀ ယူသည့်ရုံလေးများရှိသလို ၅၀ အထိယူသည့် ရုံလေးများလည်း ရှိသည်။

မဟာဗန္ဓုလလမ်းနှင့် ပန်းခြံလမ်းထောင့်ရှိ ဖုန်းရုံတစ်ရုံတွင် ဖုန်းဆက်ပြီး ပြန်ထွက်လာသော အမျိုးသားတစ်ဦးအား ဖုန်းဆက်ရခြင်းအပေါ် အဆင်ပြေမှု မပြေမှုနှင့် ပတ်သက်၍ မေးကြည့်ရာ "ဆက်သွယ်ရေးက ဒီလိုအများသုံး ဖုန်းလေးတွေချထားပေးတာ အလွန်ကောင်းပါတယ်။ ဈေးသက်သက်သာသာနဲ့ ဆက်ရလို့ပါ။ အပြင်မှာက အလွန်ဈေးကြီးတယ်လေ ငွေကျပ် ၁၀၀-၁၅၀က စပြီး ပေးရတာ"ဟု ဆိုခဲ့သည်။

အနော်ရထာလမ်းမပေါ်ရှိ ထီးအမိုးအောက်မှ PCO ဖုန်းဆိုင်တွင် ဖုန်းပြောအပြီး ပြန်ထွက်လာသော အမျိုးသမီးတစ်ဦးက " PCO ဖုန်းတွေနဲ့ ဆက်ရတာ အဆင်ပြေ ပါတယ်။ လိုင်းတွေလည်း ကောင်းကြပါတယ်။ အခုလို နေရာအတော်များများမှာ ချထားပေးတော့ ဒီနေရာ မအားရင် ရှေ့တစ်နေရာပြေးဆက်လိုက်တာပဲ အခက်အခဲမရှိပါဘူး" ဟု ပြောသည်။ ဖုန်းဝန်ထမ်းအမျိုးသမီးက "ကျွန်မတို့ကလည်း လိုင်းအပြတ်မခံနိုင်ဘူး၊ လိုင်းပြတ်ရင် ဌာနနဲ့၊ကျွန်မတို့အတွက် ဝင်ငွေကျပါတယ်။ ဝင်ငွေအနေနဲ့တော့ ပုံမှန်တွက်လို့ မရပါဘူး" ဟု ရှင်းပြသည်။ မည်သို့ဆိုစေ ယခုကဲ့သို့ PCO ဖုန်းရုံလေးများ ထားရှိခြင်းသည် အများပြည်သူအတွက် များစွာအဆင်ပြေလျက်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

မဟာဗန္ဓုလ လမ်းမကြီးပေါ်ရှိ PCO ဖုန်းရုံတွင် ဆက်သွယ်စကားပြောနေကြသူများ။

ဂျပန်နိုင်ငံမှ အပျော်တမ်း ရုပ်ရှင်ဒါရိုက်တာပြိုင်ပွဲ ၂၀၁၁ အတွက် မြန်မာလူငယ်များအား ဖိတ်ကြား

ရန်ကုန် ဩဂုတ် ၂၃

ဂျပန်နိုင်ငံရှိ လူငယ်ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုမှ ကြီးမှူး၍ မြန်မာလူငယ် ဒါရိုက်တာလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဂျပန်နိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရှိရသည်။

"လူငယ်တွေအတွက် လမ်းတွေပွင့်လာပါတယ်။ ရုပ်ရှင်လုပ်ငန်းကို စိတ်ပါဝင်စားတဲ့ လူငယ်တွေအတွက် အခွင့်အရေးတစ်ရပ်ပါပဲ။ ပြိုင်ပွဲဝင်တွေအတွက်လည်း လိုအပ်တဲ့ပံ့ပိုးမှု အပိုင်းတွေကို ရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်ပေးသွားမယ်" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ယခုနှစ်ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် အသက်အရွယ် ကန့်သတ်ချက်မှာ အသက် (၁၈) နှစ်ဖြစ်ပြီး ပြိုင်ပွဲခေါင်းစဉ်မှာ TO LEARN EDUCATION ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်လမ်း၏ ကြာချိန်မှာ သုံးမိနစ်သာ ဖြစ်ပြီး အင်္ဂလိပ်စာတန်း ထိုးပေးရမည်ဖြစ်ကြောင်း သိရှိရသည်။

ပေးပို့ကြရမည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အဆိုပါ ပဏာမပြိုင်ပွဲဝင်များ၏ ဇာတ်ကားများကို လေ့လာသုံးသပ်၍ အကောင်းဆုံးပြသနိုင်သည့် ဇာတ်ကားပိုင်ရှင် ၁၀ ဦးအား ရွေးချယ်ကာ စေလွှတ်ပေးမည်ဖြစ်သည်။ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်နှင့် အခြားလိုအပ်သော စိစစ်ရေးကိစ္စများကြောင့် ဇာတ်ကားများကို စက်တင်ဘာလ ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

အဆိုပါ အပျော်တမ်း ရုပ်ရှင်ဒါရိုက်တာပြိုင်ပွဲ ၂၀၁၁ ကို ဂျပန်နိုင်ငံ ဟီရိုဂိုနာမီအာဝါဂျီမြို့၌ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ကျင်းပမည် ဖြစ်ပြီး ပြိုင်ပွဲဝင်များ၏ နေထိုင်စားသောက်မှုနှင့် သွားလာမှုစရိတ်များကို ဂျပန်နိုင်ငံက ကုန်ကျခံမည်ဖြစ်သည်။

ခင်ရတနာ(ဗဟန်း)

ပခုက္ကူမြို့တွင် ရေပြန်ကျ ကူညီသူများကို ကျေးဇူးတင်ရှိပါသည်

သတင်းမှတ်စု - စိန်လှိုင်ဗိုလ်

ပခုက္ကူ ဩဂုတ် ၂၃

ယခုနှစ်တွင် ပခုက္ကူမြို့၌ ထူးထူးခြားခြား ရေကြီးသည်။ ဇူလိုင်နောက်ဆုံးပတ်က ပထမအကြိမ်ရေကြီးသည်။ ထုံးစံအတိုင်း ခုနစ်ရက်ခန့်အတွင်း ရေပြန်ကျသွားသည်။ စိုးရိမ်ရေမှတ်ထက် သာသည်ဆိုရုံမျှသာ နှုတ်ဆက်သွားသည်။ ဒီနှစ် အဖို့ ပြီးသွားပြီဟုထင်ကြသည်။

ဩဂုတ် ၉ ရက်တွင်တော့ နောက်တစ်ကြိမ်ရေတက်လာပြန်သည်။ အထက်ချောင်းဖျားတွင်ရော၊ ပခုက္ကူမြို့တွင်ပါ မိုးကြီးသည်။ သည်းထန်သည်။ မြစ်အနောက်ဘက်ကမ်း အနိမ့်ပိုင်းရပ်ကွက် ကျေးရွာများ ရေလွှမ်းသွားသည်။တစ်ချိန်တည်းတွင် မာန်ဟုန်ပြင်းသော ပခုက္ကူမြစ်၏ အထက်ချောင်းဖျားဒေသမှ တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဝင်လာသည်။ ပခုက္ကူမြစ်၏ စိုးရိမ်ရေအမှတ်မှာ ၉၁၀ စင်တီမီတာ ဖြစ်သည်။ ဩဂုတ်လ ၁၁ ရက်တွင် ထုတ်ပြန်ချက်အရ ပခုက္ကူမြစ်ရေက စိုးရိမ်ရေမှတ်အထက်ရောက်နေသည်။ ၉၅၂ စင်တီမီတာဖြစ်သွားသည်။ ၁၉၆၅ ခုနှစ်နောက်ပိုင်း စံချိန်တင်ရေမှတ်ဖြစ်သည်။ ထို့နောက် တစ်ဖန် ၉၅၉/၉၆၀ စင်တီမီတာအထိပင် ရောက်ရှိသွားရာ နှစ်ပေါင်း ၄၆ နှစ်အတွင်း အမြင့်ဆုံးရေမှတ်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။ ဒုတိယပတ်နှောင်းပိုင်းရောက်မှ ရေပြန်ကျသည်။

ကူညီကြ

ရေကြီးစဉ်က ပခုက္ကူမြို့တွင် ကယ်ဆယ်ရေးစခန်း ၁၀ ခု ဖွင့်လှစ်၍ တာဝန်ရှိသူများက ကူညီခဲ့သည်။ ယခုတော့ ရေဘေးဒုက္ခကြုံရသူများ ကယ်ဆယ်ရေးမှ အိမ်ပြန်ခဲ့ကြပြီ။ လက်ချည်းဗလာ ပြန်မလွှတ်ပါ။ အိမ်ပြန်တော့ ဆန် ခုနစ်ရက်စာပါသွားသည်။ ဆီပါသွားသည်။ အဝတ်အထည်၊ ဘဲဥ၊ ကြက်ဥ၊ ငရုတ်သီး၊ ကြက်သွန် ပါသွားသေးသည်။ ကျောင်းသားလူငယ်များအတွက် စာအုပ်၊ ခဲတံပါ မကျန် ကူညီကြသည်။

ရေကျသွားချိန် ကူးစက်ရောဂါမဖြစ်ရေး ရပ်ကွက်တွင် ဆေးဖျန်းပေးသည်။ ကျန်းမာရေးစောင့်ရှောက်မှုကို အထူးဂရုပြု၍ ဆောင်ရွက်ပေးသည်။ ကူညီသူများကို ကျေးဇူးတင်ရပါသည်။

တောင်ကြီးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပွား

တောင်ကြီး ဩဂုတ် ၂၃

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၂၀ ရက်က တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် နယ်မြေ (၁)၊ (၂)၊ (၁၂)ရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်ကာ ပရဟိတပီတိဘုန်းတော်ကြီးကျောင်း (၆×၄၀)ပေရှိ အုတ်တံတိုင်းပြိုကျခဲ့သည်။ ရေနစ်မြုပ်ခဲ့သည့် လူနေအိမ်များအနက် နယ်မြေ (၁) ရပ်ကွက်ရှိ အိမ်ခြေ ခုနစ်လုံး၊ အိမ်ထောင်စု ၁၇ စု၊ နယ်မြေ (၂) ရပ်ကွက်ရှိ အိမ်ခြေနှစ်လုံး၊ အိမ်ထောင်စု နှစ်စု စုစုပေါင်း ၈၉ ဦးတို့မှာ နဂါးပွက်ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက် နယ်မြေ (၂) မင်္ဂလာရှေ့ဆောင်လမ်း ဦးဖေဝင်း၏ နေအိမ်အနောက်ဘက်ခြမ်းတွင် ကာရံထားသော အလျား ၃၂ ပေ၊ အမြင့် ခြောက်ပေ အုတ်တံတိုင်းပြိုကျပျက်စီးပြီး နေအိမ်အောက်ထပ် ရေအနက် နှစ်ပေခွဲ ရေနစ်မြုပ်ခဲ့သည်။ နယ်မြေ (၆) ဆရာစံလမ်း ရွှေတောင်ရပ်ကွက်ရှိ ဦးခင်မောင်မြင့် နေအိမ် အနောက်ဘက်ခြမ်း အုတ်တံတိုင်း အလျားပေ ၂၀ ၊ အမြင့် လေးပေ ပြိုကျ ပျက်စီးခဲ့သည်။ ထို့ပြင် နယ်မြေ (၃) ရွှေတောင်ရပ်ကွက် အိမ်ရှင် ဒေါ်လှအေး အရှေ့ဘက်ကမ်းပါး အရှည်ပေ ၄၀၊ အကျယ် ကိုးပေ၊ အနက် ခြောက်ပေ ပြိုကျကာ ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၇) မုံတဝလမ်း အိမ်ရှင် ဒေါ်သန်းငွေ ဝါးထရံကာ တစ်ထပ်နေအိမ်မှာ နေအိမ်အရှေ့ဘက်ခြမ်းပြိုကျခဲ့သည်။ ရေကြီး၊ မြေပြိုမှုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် သက်ဆိုင်ရာက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွေးကောက်ပွဲ ကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၈/၂၀၁၁)နှင့် (၉/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှု အမှတ် (၈/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှု အမှတ် (၉/၂၀၁၁)ကို မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကော့စ်တီယန်တင်ဂရီရှ ချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းနိုင်

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၂ ခုနှစ်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ခွဲခြားသတ်မှတ်

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊ (၃)၊ (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူ တင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပေးထားသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော် ရုံးအမှတ်(၅၂) မြန်မာနိုင်ငံစာစစ်အဖွဲ့(ရုံးချုပ်)နှင့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဇွဲကပင်ဆောင်)၌ လာရောက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့ထံမှ သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန် အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သော ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်မှုနည်းစနစ် (အေရိုးဗစ်) နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၂၀ရက်က အလုံမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အားကစားမှူး ဒေါ်မိမိမော်က သင်တန်းနည်းပြဆရာမ ဒေါ်ခိုင်ဇာဝေအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (၁၂၂)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့ နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လာရောက်တွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC, Chairman COSC & CNS နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC, Chairman COSC & CNS နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ အိန္ဒိယလေတပ်လေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri၊ စစ်သံမှူး Col. Rajesh Kumar နှင့် ဇနီး၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဝယ်ယူမှု၊ ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီညီဆောင်ရွက် ခေတ်မီစက်မှုနိုင်ငံတော်တည်ဆောက်ရေး တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၃

စက်မှုလုပ်ငန်းများ တိုးတက်ရန် နိုင်ငံတော်က ပံ့ပိုးကူညီအားပေးနေသကဲ့သို့ မိမိတို့ဘက်ကလည်း တိုးတက်ချင်သည့် စိတ်ဆန္ဒပြင်းပြစွာဖြင့် ဟန်ချက်ညီညီကြိုးစားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဌာနစက်ရုံများအလိုက် တာဝန်ကျေပွန်ကြရန်လိုကြောင်း၊ လုပ်ငန်းများကို တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝယ်ယူမှု၊ ထုတ်လုပ်မှုနှင့်ရောင်းချမှုသုံးခုစလုံးကို ဟန်ချက်ညီညီ စီမံခန့်ခွဲတတ်ရန် လိုကြောင်း၊ စက်ရုံမှူးများသည် လုပ်ငန်းတိုးတက်ရန်အတွက် တီထွင်ဖန်တီးလုပ်ကိုင်တတ်ကြရန်လိုကြောင်း၊ စက်ရုံမှူးများ၏ စွမ်းဆောင်နိုင်မှု၊ ဦးဆောင်မှုများသည် အလွန်အရေးကြီးကြောင်း၊ စဉ်းစားတွေးခေါ်မှု၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများရှိမှ တိုးတက်မည်ဖြစ်ကြောင်းဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထုတ်ကုန်များ ISO Standard အဆင့်ရရှိအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စက်မှုထုတ်ကုန်များကို ရောင်း၍ရအောင် ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို အလေးအနက်ထား မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ရှင်သန်အောင်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍအတွက် လိုအပ်သည့် လူသားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက်အရေးကြီးကြောင်း၊ သင်တန်းသားများအား အလေးအနက်ထား သင်ကြားလေ့ကျင့်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ဆက်လက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၎င်းတို့၏ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း တော်နေ၊ ကြိုးစားနေ၍မရဘဲ အဖွဲ့အစည်းအလိုက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် တိုးတက်အောင်မြင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အမြဲတမ်း စဉ်းစားတွေးခေါ်လုပ်ကိုင်နေမှ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် အကျိုးပြုသောအဖွဲ့အစည်းတစ်ခုဖြစ်လာမည် ဖြစ်ကြောင်း၊ ပြင်းပြသောဆန္ဒရှိပြီး ထူးကဲသည့် ဝီရိယ၊ ဖြောင့်မတ်၍ ထက်သန်သည့် စိတ်ဓာတ်၊ ထက်မြက်သောပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရေးနှင့် ခေတ်မီစက်မှုနိုင်ငံတော်တည်ဆောက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီ

ကျရာတာဝန်များကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

သမဝါယမဦးစီးဌာနအောက်ရှိ လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများ၊ လုပ်ငန်းတာဝန်များကို သိရှိနားလည်စေရန်၊ နိုင်ငံတော်က ကျင့်သုံးချမှတ် အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း (၈)ရပ်ရှိလုပ်ငန်းများကို သိရှိနားလည်စေရန်၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ အသိပညာဗဟုသုတနှင့်ပြည့်စုံမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရာရှိဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများသည် နယ်ပယ်အသီးသီး ကျရာတာဝန်များတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ တတ်မြောက်မှုနှင့် လက်တွေ့ဘဝ ပေါင်းစပ်ဆောင်ရွက်ကြစေလိုကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့်လည်း တိုက်တွန်းမှာကြားသည်။

ယင်းသင်တန်းကို ရက်သတ္တသုံးပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ခန့်ထားပေးသည့် ဦးစီးအရာရှိ သင်တန်းသား သင်တန်းသူ ၄၉ ဦး အပါအဝင် သင်တန်းသား ၅၂ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြား ဧည့်သည် နှင့် ကမ္ဘာလှည့် ခရီးသွား အများဆုံး လာရောက်နိုင်စေရန် အတွက် ခရီးသွား လုပ်ငန်း စွမ်းဆောင် ရည် ပထမဆုရ Asian Trails Tour Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်ခင်မြတ်စန္ဒာအား ဂုဏ်ပြု ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် +ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **လမ်းမှန်ကိုသာရွေးချယ်ပါ** တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
- ၆:၃၅ အဓိဋ္ဌာန်ပြုကာဆုတ္တောင်းမည် ဦးရာဇ်တော်စေတီ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၇)
- ၈:၅၅ Activities in the City [Our Inspiration Academic Centre (OTAC) ၏ ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ]
- ၉:၀၅ ဆံကေသာအလှ AQUOS မှ…
- ၉:၂၀ သဘင်အစွမ်း၊ မိုးဆန်းပန်း (ဇာတ်သဘင်အဖွဲ့စာနယ်ဇင်း မိတ်ဆက်ပွဲ)
- ၉:၄၀ အားကစားမြင်ကွင်းစုံ
- ၁၀:၁၅ နွေမိုးဆောင်းရာသီများအတွက် အဝတ်ခြောက်စက်
- ၁၀:၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဒီလွန်)
- ၁၁:၀၅ သင်ယူလေ့လာဂီတပညာ (တေးသီချင်းရေးစပ်ခြင်း)
- ၁၁:၂၀ ရန်ကုန်မြင်ကွင်းကျယ် အိန္ဒိယစာပေပညာရှင်ကြီး ရာဘင်ဒြာနတ်တဂိုး၏ နှစ် (၁၅၀) ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ
- ၁၁:၃၅ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ချောက်မြို့နှင့် လေးမိုင်အကွာ
- ၁၂:၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ကိုယ့်သမိုင်းကိုယ်ရေးကြသူများ)
- ၁:၀၀ **လမ်းမှန်ကိုသာရွေးချယ်ပါ** တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ **စကားနပန်း ကြီးရင်မှီတာ ကောင်းတယ်၊ ငယ်ရင်ချီတာ ကောင်းတယ်**
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၅)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၇)
- ၅:၀၅ STUDY ABROAD Information Centre မှ အင်္ဂလန်နှင့် အိုင်ယာလန်တက္ကသိုလ်များ၏ ပညာရေးဆွေးနွေးပွဲ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် မနောရမ္မပညာဒါနသင်တန်း ကျောင်း
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၆)
- ၇:၂၀ Cartoon Show Time (HOP)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဖုန်းဘီလ်ကိစ္စ…စိတ်သာချ …စီးပွားဘဏ်မှာဆောင်လို့ရ
- ၈:၄၅ Celebrity Style (ဖူးစုံ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၈)
- ၁၀:၂၅ Industrial Talk [ဒေါ်အုံးရီ၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၀:၅၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
- ၁၁:၃၀ World of Knowledge (Inside; Mumbai Terror Attack)
- ၁၂:၂၀ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
- ၁၂:၃၅ Box Office Movies (Avator)
- ၁၂:၅၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁:၁၀ လှပချစ်စရာလက်မှုအနုပညာ (Love Flower)
- ၁:၃၅ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် [ဒါရိုက်တာ-ညိုမင်းလွင်]
- ၁:၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်)
- ၂:၁၅ ရွှေဖြစ်မည့်ရတနာအစစ်
- ၂:၂၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း -၂)
- ၂:၅၀ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ လွှန်းတင်သည့်ကြိုး
- ၄:၂၀ သဘာဝအလှရတနာသစ်ခွကမ္ဘာ
- ၄:၃၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၄:၄၅ ကံကူထွင်မှုခေါင်ပိတ်ချင်းမြောင်
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

ဧည့်လမ်းညွှန်များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်း၊ နိုင်ငံ၏ ပြယုဂ်၊ နိုင်ငံ၏ သဘောထားအနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်စွမ်းသည့်သူများဖြစ်သကဲ့သို့ နိုင်ငံ၏သံတမန်အဖြစ် တင်စားခံရသည့်ပုဂ္ဂိုလ်များလည်းဖြစ်ကြောင်း၊ နိုင်ငံ၏ အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်စွမ်းသည့် ဧည့်လမ်းညွှန်များအနေဖြင့် မိမိ၏ လုပ်ငန်းအပေါ်တွင် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ၊ မိမိလုပ်ငန်း၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး လုပ်ငန်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့ဧည့်လမ်းညွှန်များ၏ ကောင်းမွန်သည့်ဂုဏ်သတင်းသည် အများအယွင်းနည်းစွာဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းလောကသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး ကျောက်စိမ်းခန်းမ၌ကျင်းပသည့် ဧည့်လမ်းညွှန်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလားအလာကောင်းများကို ဖော်ဆောင်ပြီး နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအပေါ် အခြေခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားရန်သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အနေဖြင့် ယနေ့အထိ လုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့သည့် ဧည့်လမ်းညွှန် ၇၇၃၂ ဦးရှိပြီး အကြောင်းကြောင်းကြောင့် လုပ်ငန်းဆက်လက်ဆောင်ရွက်မှု မရှိတော့သည့်သူများ သက်တမ်းတိုးဆောင်ရွက်မှု မပြုနိုင်တော့သည့် အခြေအနေများကြောင့် လက်ရှိသက်ဝင်လှုပ်ရှား လုပ်ငန်းဆောင်ရွက်နေသည့် ဧည့်လမ်းညွှန် ၃၁၅၃ ဦးသာ ကျန်ရှိကြောင်း သိရှိရသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်နှင့် ကမ္ဘာလှည့်ခရီးသွားအများဆုံး လာရောက်နိုင်စေရန်အတွက် ခရီးသွားလုပ်ငန်း စွမ်းဆောင်ရည် ပထမဆုရ Asian Trails Tour Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်ခင်မြတ်စန္ဒာ၊ ဒုတိယဆုရ Exotissimo Travel Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စုစုတင်နှင့် တတိယဆုရ Diethelm Travel Ltd. မှ အထွေထွေမန်နေဂျာ ဒေါ်သန့်သန့်ဆွေတို့အား ဂုဏ်ပြုဆုတံဆိပ်မှတ်တမ်းများကို ပေးအပ်ချီးမြှင့်သည်။

ဧည့်လမ်းညွှန် လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန်နှင့်ပုဂံဇုန်တို့မှ ဧည့်လမ်းညွှန် ၁၁ ဦးတို့က ဧည့်လမ်းညွှန်များနှင့် ခရီးသွားလုပ်ငန်းရှင်တို့၏ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ဧည့်လမ်းညွှန်များ၏ အခက်အခဲများနှင့်ဆန္ဒများကို စာတမ်းများ တင်သွင်းဖတ်ကြားကြကြောင်း သိရှိရသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဒုတိယဝန်ကြီး ဦးဌေးအောင်က အလုပ်ရုံဆွေးနွေးပွဲအပေါ် သုံးသပ်ဆွေးနွေးတင်ပြခဲ့သည်။ **(သတင်းစဉ်)**

ကလေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေရဉ္စရာခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ လက်တွန်းထွန်စက်များ၊ မျိုးစေ့ချကိရိယာများနှင့် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကလေးမြို့နယ် ချင်းဆိုင်ကျေးရွာ ကွင်းအမှတ် (၈၀၀ C) တောင်သူ ကိုးဦး စိုက်ပျိုးထားသော ဧရာမင်းမိုးစပါး ၁၀ ဧက၌ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှု၊ ဇင်းကလင်းတံတားအသစ် တည်ဆောက်နေမှုနှင့် ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နတ်တကာချောင်းကူးတံတား ပျက်စီးမှုနှင့် အသစ်တည်ဆောက်နေမှု၊ ညောင်ကုန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ) နှင့် လက်ပံချောင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)တို့၌ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ ချောင်းရေကြီးမှုကြောင့် ပျက်စီးသွားသော ဆည်ကြီးတံတားနှင့် အောင်မြင်သာတံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တက်ရောက်အားပေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ရေဆန်ကျွန်းဘုရား ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့နယ် စခန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ၊ ကလေးမြို့ အမှတ် (၉) အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကလေးမြို့ စံသာရပ်ကွက် စံသာတွဲဖက်မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲတို့သို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အင်းစိန်မြို့နယ်ဘဏ်ခွဲ တာဝန်ရှိသူများက လှိုင်သာယာမြို့နယ် အပြင်ပဒံနှင့် အတွင်းပဒံကျေးရွာအုပ်စုများမှ တောင်သူ ၁၁၂ ဦးအား တစ်ဧက ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် တစ်ဦးချင်းသို့ ဘဏ်ချေးငွေများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်အား

အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Sebastianus Sumarsono နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)

(က)	သာဆန်းရဂုံဗွေ	(ပတ်ပျိုး)
(ခ)	ညာသပြေဘောင်	(ကြိုး)
(ဂ)	အထူးထူးငယ်နှင့်	(ပတ်ပျိုး)
(ဃ)	သောင်းရွှေလယ်	(ယိုးဒယား)
(င)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(စ)	အောင်မင်္ဂလာ	(ယိုးဒယား)
(ဆ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(ဇ)	ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနံ့	(လေးထွေသံကတ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ချစ်သမ္မုကို	(ပတ်ပျိုး)
(ခ)	အမင်းမင်းခရ	(သီချင်းခံ)
(ဂ)	တောဟေဝန်လယ်	(ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မင်းလမ်းစပ်ကာ	(ကြိုး)
(ခ)	ရေမီးထိန်လျက်	(ယိုးဒယား)
(ဂ)	ပြည်ပြည်မင်းပေါင်း	(သီချင်းခံ)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	အင်ကြင်းသရဖီ	(ယိုးဒယား)
(ခ)	နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ဂ)	ရွှေပင်ရွှေဘုန်း ပပဝင်း	(ကြိုး)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ဇေယျာမြို့	(ကြိုး)
(ခ)	ဘုန်းဆင့်ဆင့်တိုး	(ပတ်ပျိုး)
(ဂ)	လာချေပြီ	(မြင်းခင်းကြိုး)

၆။ အခြေခံပညာ (၅-၁၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	သာယာသာယာ	(ကြိုး)
(ခ)	ဘုံဆောင်မြင့်	(ကြိုး)
(ဂ)	ထွေတလာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ကြက်တောင်နှင့် ဂျူဒိုအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၃

ဂျပန်နိုင်ငံ (တိုကျိုမြို့)၌ ဩဂုတ် ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ASIAN JUNIOR SPORTS EXCHANGE GAMES 2011 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ

နိုင်ငံကြက်တောင်နှင့် ဂျူဒိုအားကစားအဖွဲ့များသည် ဩဂုတ် ၂၁ ရက် ည ၇ နာရီ ၄၅ မိနစ်က လေကြောင်းခရီးစဉ်ဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့တွင် အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘလှိုင်၊ အမျိုးသားနည်းပြ ဦးကျော်ကျော်လွင်၊ အမျိုးသမီးနည်းပြ ဒေါ်ဝင်းပပထွန်း၊ အားကစားသမားများအဖြစ် လင်းထက်ကြူ၊ ရွှေမောင်၊ ဘုန်းပြည့်နိုင်၊ အိအိချော၊ သက်ထားသူဇာနှင့် နန်းမိုဟွမ်း၊ ဂျူဒိုအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် အသင်းအုပ်ချုပ်သူအဖြစ် ဦးအောင်နိုင်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ နည်းပြများအဖြစ် ဦးကြည်နိုင်၊ ဒေါ်ခင်မူမူနှင့် ဦးမင်းသိမ်း၊ အားကစားသမားများအဖြစ် အောင်နိုင်ဦး၊ ချစ်မင်းသူ၊ ဘန်နီးလျှန်အုပ်၊ သိန်းသိန်းပြည့်၊ နှင်းဇေရီနှင့် ယုယုမွန်တို့လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အလေးမ လူရွေးပြိုင်ပွဲကျင်းပ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ➤ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ ကျင်းပသည့် ပထမအကြိမ် အလေးမလူရွေးပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံအလေးမလေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ပထမအကြိမ် လူရွေးပြိုင်ပွဲတွင် ၄၈၊ ၅၃၊ ၅၈၊ ၆၃၊ ၆၉ ကီလိုတန်းများမှ အမျိုးသမီးအလေးမအားကစားသမား ၁၀ ဦးနှင့် ၅၆၊ ၆၂၊ ၆၉၊ ၇၇၊ ၁၀၅ ကီလိုတန်းများမှ အမျိုးသားခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသား ၇၇ ကီလိုတန်းမှ ကျော်မိုးဝင်းက ၄င်းတင်ထားသော မြန်မာပြည်စံချိန်အမြန်မ ၁၃၄ ကီလိုကို ၁၃၅ ကီလိုဖြင့် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(မြန်မာ့အလင်း)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်

နေပြည်တော် ဩဂုတ် ၂၃

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဩဂုတ် ၂၅ ရက်တွင် တတိယနေရာလုပွဲအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဩဂုတ် ၂၆ ရက်တွင် ဗိုလ်လုပွဲအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ကာရေဘီယံပင်လယ်၌ ဖြစ်ပေါ်သည့် အိုင်ရီနေမုန်တိုင်း ဟေတီ၊ ဒိုမီနီကန်နှင့် ပွာတိုရီကိုနိုင်ငံများအား တိုက်ခတ်

ဆန်တိုဒိုမင်ဂို ဩဂုတ် ၂၃

ကာရေဘီယံပင်လယ်တွင် ဖြစ်တည်ခဲ့သည့် အိုင်ရီနေဟာရီကိန်းမုန်တိုင်းသည် ဩဂုတ် ၂၂ ရက်က ဟေတီနှင့် ဒိုမီနီကန်နိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်မှုနှင့် သစ်ပင်များလဲကျမှုများဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း ဩဂုတ် ၂၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

၎င်းဟာရီကိန်းမုန်တိုင်းသည် အဆိုပါနိုင်ငံများကို ဖြတ်ကျော်ကာ ပွာတိုရီကိုနိုင်ငံသို့ ဩဂုတ် ၂၃ ရက် နံနက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်နာရီ မိုင် ၈၀ နှုန်းရှိကြောင်း မီရာမီအခြေစိုက်အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက သတင်းထုတ်ပြန်သည်။

မုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားပြတ်တောက်ခဲ့သည်။ ရေဘေးဒုက္ခကြုံတွေ့ရသူ ဒေသခံ ၈၀၀၀၀၀ ခန့်ရှိပြီး ပြည်သူ ၁၃၈၀၀၀ ခန့်မှာ သောက်သုံးရေများ ပြတ်လပ်ခဲ့သည်။ယင်းဟာရီကိန်းမုန်တိုင်းသည် ယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံကမ်းခြေဒေသသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ **(အင်တာနက်)**

ချီလီ၌ ငလျင်နှင့် ဆူနာမီဘေးအတွက် ကြိုတင်လေ့ကျင့်

ဆန်တီရာဂို ဩဂုတ် ၂၃

ချီလီနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသနေပြည်သူများအနေဖြင့် ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကာကွယ်မှုများအပါအဝင် ဘေးကင်းရာသို့ ရှောင်တိမ်းနိုင်ကြစေရန် ကြိုတင်လေ့ကျင့်မှုများကို ပြည်သူ ၂၄၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ဩဂုတ် ၂၃ရက်က အင်တာနက်သတင်း၌ဖော်ပြသည်။

ဘေးအန္တရာယ်သတိပေးမှုအချက်ပေးသည်နှင့် ကြိုတင်ကာကွယ်မှု၊ ဘေးကင်းရာသို့ လျင်မြန်စွာရွှေ့ပြောင်းမှု စသည်တို့ကို လေ့ကျင့်ကြရာ ရဲတပ်ဖွဲ့ဝင်များ၊ အကူအညီပေးရေးအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီပေးခဲ့ကြသည်။ ချီလီနိုင်ငံတွင် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလက ရစ်ချ်တာစကေး ၈ ဒသမ ၈ ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် လူ ၅၂၄ဦးသေဆုံးခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေရန် ချီလီအစိုးရက ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရှောင်တိမ်းနိုင်ကြစေရေးအတွက် ပြည်သူများအား ကြိုတင်လေ့ကျင့်စေခြင်းဖြစ်သည်။ **(ယာပုံ)**

တောင်းခံခဲ့

ထိုသို့ပြည်သူများ စုပေါင်းလေ့ကျင့်ကြရာတွင် ဂျပန်နိုင်ငံမှငလျင်နှင့် ဆူနာမီ ဘေးအန္တရာယ်များဆိုင်ရာ ကာကွယ်ရေးအေဂျင်စီများရှိ ကျွမ်းကျင်သူများထံမှ အကြံပြုချက်များ တောင်းခံခဲ့သည်။ **(အင်တာနက်)**

လောင်စာဆီတင်ယာဉ်များ ပါကစ္စတန်၌ မီးလောင်

အစ္စလမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ ဘလူချီစတန် ပြည်နယ်အနောက်တောင်ပိုင်းတွင် ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက နေတိုးတပ်ဖွဲ့အတွက် ထောက်ပံ့ပေးမည့် လောင်စာဆီတင်ယာဉ် ၁၉ စီး အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရမှု ကြောင့် မီးလောင်ပျက်စီးခဲ့ကြောင်း အူရဒူရုပ်မြင်သံကြားသတင်းဌာနက ဩဂုတ် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ ကွိတာမြို့တောင်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ မာစတန်ခရိုင် ဒက်ရှ်အရပ် အဝေးပြေးကားလမ်းပေါ်၌ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲခန့်က လက်နက်ကိုင်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လောင်စာဆီတင်ယာဉ်တန်း မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်သည်။

မီးငြှိမ်းသတ်ခဲ့

လောင်စာဆီတင်ယာဉ်များ မီးလောင်နေမှု၏ မီးတောက်မီးလျှံများကို အဝေးမှပင် လှမ်းမြင်နေရကြောင်း၊ ကွိတာမြို့မှ မီးသတ်ယာဉ်ခြောက်စီးအား အကြောင်းကြား ခေါ်ယူကာ မီးငြှိမ်းသတ်ခဲ့ရကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ဖြည့်ဆည်းပေး

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့၏ လောင်စာဆီလိုအပ်မှု ၇၀ ရာခိုင်နှုန်းကို ပါကစ္စတန်နိုင်ငံ ခိုင်ဘာပြည်နယ်နှင့် ဘလူချီစတန်ပြည်နယ်တို့ကို ဖြတ်သန်းကာ လောင်စာဆီတင်ယာဉ်များဖြင့် ဖြည့်ဆည်းပေးနေရကြောင်း သိရသည်။ **(အင်တာနက်)**

မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ တမူး၌ဆုပေးပွဲ ကျင်းပ

တမူး ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ၂၀၁၁ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမြင့်အောင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အကြောင်းနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းဆိုင်ရာ ဗဟုသုတများကို ပညာပေးဟောပြောသည်။

ဖြန့်ဝေပေး

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းနှင့် တာဝန်ရှိသူများက ဆုရရှိသူမိခင်များအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပြီး နို့တိုက်မိခင်များကို သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားများ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သာသနာ့နုဂ္ဂဟအသင်း ညောင်လေးပင်၌ ဆိုင်းဘုတ်တင်

ညောင်လေးပင် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြန်မာနိုင်ငံနယ်စပ်ဒေသနှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီခွဲက ညောင်လေးပင်မြို့နယ် နှစ်ကျိပ်ရှစ်ဆူ သာသနာ့ဗိမာန်ရှေ့၌ ကျင်းပသည်။ ပဲခူးတိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်း၊ ပဲခူးခရိုင် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်း၊ မြို့နယ် သာသနာ့နုဂ္ဂဟ အသင်းဝင်ဂုဏ်ထူးဆောင်ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဆရာတော်၊ သံဃာတော်များထံမှ ဩဝါဒခံယူကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပပြီး အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၈)**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ငွေကြာရံရိပ်သာ ကြာပဒုမ္မာလမ်းနေ ဒေါ်ခင်မြဦး (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

သာကေတ၌ အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သန်းအေးက လုပ်ငန်းဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ခုခံအားကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ ဆရာဝန်ကြီး ဒေါက်တာ ဦးသန်းဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မိမိအောင်တို့က ကျန်းမာရေးအသိပညာပေး ရှင်းလင်းပြောကြားကြသည်။

ဆေးဝါးထောက်ပံ့

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်နှင့် ဒေါက်တာ ဒေါ်စန္ဒာတို့ ဦးဆောင်ပြီး တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးကာ ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

တစ်ပိုင်တစ်နိုင် ဟင်းစားငါးမွေးသူများအား တိုက်ကြီးမြို့၌ ငါးမျိုးများထောက်ပံ့

တိုက်ကြီး ဩဂုတ် ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်စေရေးအတွက် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းတစ်ရပ်အနေဖြင့် တိုက်ကြီးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက တိုက်ကြီးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုနှင့် ပျဉ်းမကုန်းကျေးရွာအုပ်စု ကျေးရွာများရှိ တစ်ဧကနှင့်အောက် တစ်ပိုင်တစ်နိုင်ဟင်းစားငါးမွေးကန်လုပ်ကိုင်သူများအား ငါးမျိုးများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ရှမ်းစုကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဒုတိယဦးစီးဌာနမှူး ဦးညွန့်ဆန်းနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသနေ တစ်ပိုင်တစ်နိုင်ဟင်းစားမွေးမြူသူများအား မျိုးငါးများ ထောက်ပံ့ပေးအပ်သည့် အစီအစဉ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် တာဝန်ရှိသူများက ရှမ်းစုကျေးရွာအုပ်စုမှ ၂၉ ဦး၊ ပျဉ်းမကုန်းကျေးရွာအုပ်စုမှ ၁၉ ဦး စုစုပေါင်း ၄၈ ဦးအား တစ်ဦးလျှင် ထိုင်းငါးခုံးမကြီး ကောင်ရေ ၅၀၀ နှုန်းဖြင့် ကောင်ရေ ၂၄၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပညာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံအတွင်း ပညာသင်ယူလျက်ရှိသော (၉)တန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည့် ပညာရေးလမ်းကြောင်းများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ၊ အထူးပြုဘာသာရပ်အမျိုးမျိုးဖြင့် ဘွဲ့ရရှိထားသော ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ဆက်လက်သင်ယူသင့်သည့် နိုင်ငံတကာပညာရေးလမ်းကြောင်းများအကြောင်း ဆွေးနွေးဟောပြောပွဲကို CROWN Education ၏ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ Summit Parkview Hotel တွင် ကျောင်းများ၏ သတင်းအချက်အလက်များကို ခင်းကျင်းပြသခြင်းနှင့်အတူ ဟောပြောမည်ဖြစ်ရာ ဟောပြောပွဲတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာကျောင်းများ လျှောက်ထားရာတွင် အထောက်အကူပြုစေမည့် ဘာသာရပ်၊ တက္ကသိုလ်ကျောင်းများကို ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အကြံပြုချက်များကို ထည့်သွင်းဆွေးနွေးဟောပြောမည်ဖြစ်သည်။

ထို့အပြင် သက်ဆိုင်ရာဘာသာရပ်များအလိုက် ဝင်ခွင့်အချက်အလက် အသေးစိတ်များ ရယူနိုင်ရန်အတွက် Booth များ ထားရှိပေးထားမည်ဖြစ်ပြီး၊ PSB Academy၊ MDIS၊ LASALLE၊ Kaplan စသည့် စင်ကာပူကျောင်းများ၏သတင်းအချက်အလက်များအပြင်၊ အင်္ဂလန်၊ ဩစတြေးလျ၊ အမေရိကန်ကျောင်းများ၏ ကုန်ကျစရိတ်များနှင့် သတင်းအချက်အလက်များကိုပါ သက်ဆိုင်ရာ Booth အသီးသီးတွင် ရယူနိုင်မည်ဖြစ်ရာ အသေးစိတ်အချက်အလက်များကို CROWN Education၊ Summit Parkview Hotel အခန်းနံပါတ် ၂၂၈-၂၂၉၊ ဖုန်း-၂၁၁၈၈၈ (Ext;228) နှင့် ၀၉-၇၃၂၇၃၂၇၇ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်း ၂၃-၈-၂၀၁၁

WY စိတ်ကြွဆေးပြားများ ဖမ်းမိ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီကျော်က ရဲအုပ်ဝင်းနိုင်ဦးစီးပြီး ရဲတပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် သတင်းအရ တောင်မြို့ရပ်ကွက် အနော်ရထာလမ်း အိမ်အမှတ် (တ/၇) နေ မနန်းစိမ်းနု အိမ်သို့ရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွဆေးပြားစုစုပေါင်း ၇၀၃ပြား ရှာဖွေတွေ့ရှိခဲ့ပြီး ဆက်လက်၍ ဒုရဲအုပ်အေးထွန်းနှင့်အဖွဲ့သည် ကုန်းလမ်းရပ်ကွက် ဦးထွန်းရွှေ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြား ၂၀ရှာဖွေတွေ့ရှိခဲ့သဖြင့် မနန်းစိမ်းနုနှင့်ဦးထွန်းရွှေတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားပြီး ကွင်းဆက် တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၄၂)

အရက်မူးပြီး အိမ်မီးရှို့သူအား အရေးယူ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာတွင် ဩဂုတ် ၄ရက် ည၁၀နာရီက အရက်သေစာသောက်စားမူးယစ်ပြီး မိမိနေထိုင် သည့်နေအိမ်အားမီးရှို့လိုက်သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သဖန်းကိုင်းကျေးရွာတွင် နေထိုင်သူ မောင်ရာဂျား(အသက်၂၉နှစ်)သည် အရက်သေစာသောက်စားပြီး မိခင်ဖြစ်သူ ဒေါ်ကူမာရီဒေဝီအား ရန်ရှာနေသဖြင့် မိခင်ဖြစ်သူမှာ အိမ်တွင်မနေရဲဘဲ တခြားအိမ်သို့သွားရောက်နေခဲ့ရ သည်။ သားဖြစ်သူက မိခင်ဖြစ်သူအား နေအိမ်သို့ပြန်လာရန်သွားရောက်ခေါ်ရာ မရသဖြင့် ၎င်း၏နေအိမ်အား မီးရှို့လိုက်ရာ ပေ၂၀ပတ်လည် သက်ငယ်မိုး၊ ဝါးထရံကာ မြေစိုက်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။ နေအိမ်မီးရှို့သူ မောင်ရာဂျားအား နောင်ချိုရဲစခန်းမှ အရေးယူထားကြောင်း သိရှိရသည်။ (၀၆၁)

မီးစက်နှင့် အောက်စက်လည်ရောင်းသူဖမ်းမိ

မိတ္ထီလာမြို့ အမှတ်(၁)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရန်နိုင်ထွန်း၊ တပ်ကြပ်ကြီးဇော်ဝင်းနိုင်၊ ဒုတပ်ကြပ်စန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်က လှည့်ကင်းဆောင်ရွက်နေစဉ် အောင်ဇေယျာရပ်ကွက် ထီလာဦးနယ်မြေတွင် လူတစ်ဦး မီးစက်တစ်လုံးနှင့် ဗီဒီယိုအောက်စက်တစ်လုံးတို့ကို လှည့်လည်ရောင်းချနေသဖြင့် မြို့မလေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ ရာအိမ်မှူး ဦးဇော်နိုင်ဝင်းတို့နှင့်အတူ မသင်္ကာသူအား စစ်ဆေးခဲ့သည်။

လှည့်လည်ရောင်းချသူမှာ ကျီတော်ကုန်းရပ်ကွက်နေ မျိုးမင်းစိုး အသက် (၃၂)နှစ် ကျပန်းလုပ်သား ဖြစ်ပြီး ၎င်းထံမှ (DOYEN) အမျိုးအစားတွင် ၈၀၀၀၀ တန် မီးစက်တစ်လုံးနှင့် (COECO) အောက်စက်တွင် ၂၀၀၀၀ တန်အမျိုးအစား တစ်လုံးတို့ကို အိမ်တစ်အိမ်မှ ခိုးယူလာခဲ့ကြောင်း စစ်ဆေးဖော်ထုတ်နိုင်သဖြင့် သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၂)

ဆေးခြောက် ၈ ပိဿာ ၂၅ ကျပ်သား ဖမ်းဆီးရမိ

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့တွင် ဇူလိုင်၂၆ ရက် နံနက် ၂ နာရီခန့်က ကျွဲပွဲရဲစခန်းရှိ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မင်းမင်းလတ် ခေါင်းဆောင်သောအဖွဲ့နှင့် ဒုရဲအုပ်ကိုကိုနိုင် ခေါင်းဆောင်သောအဖွဲ့နှစ်ဖွဲ့ ပူးပေါင်း၍ လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ကျွဲပွဲမြို့နှင့် စပါးကြီးရွာသွား သည့်လူသွားလမ်းပေါ်၌ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တွေ့ရှိ၍ စစ်ဆေးမေးမြန်းရှာဖွေရာ နိုင်လင်း (အသက် ၂၇ နှစ်) ဘ-ဦးဘကြည် အမှတ် (၁၃/၇၅) ပြည်တော်သာ ၂လမ်း တညင်းကုန်း အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် မသီတာ (အသက် ၄၄ နှစ်) ဘ-ဦးကြ ၁၃/၇၅ ပြည်တော်သာ(၂) လမ်း တညင်းကုန်း အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့ လက်ဝယ်၌ ခရီးဆောင်အိတ်သုံးလုံးအတွင်းမှ ဆေးခြောက် ၈ပိဿာ ၂၅ ကျပ်သား တွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၂၃)

ရန်ကုန်မြို့နေ ဗိုလ်မှူးမင်းဒင်(ငြိမ်း)-ဒေါ်ရီရီလှ မိသားစုက အပ်ချုပ်စက် ၁၀လုံးနှင့် ရန်ကုန်မြို့နေ ဒေါက်တာထင်အောင် မိသားစုက အပ်ချုပ်စက်တစ်လုံး စုစုပေါင်းအပ်ချုပ်စက် ၁၁လုံးကို ယဉ်ကျေးလိမ္မာသက်မွေးပညာ စက်ချုပ်သင်တန်းအတွက်ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ အလှူရှင်ကိုယ်စား ဦးဝင်းစိန်က ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဒေါက်တာသိန်းအောင် လက်ခံယူစဉ်။ (မြန်မာ့အလင်း)





သွေး သည် အသက်

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်ချစ်ကြည်-ရေးသားသည်

ဝေါယ်ရှယ်ဝမ်းဆိုတဲ့ မော်ရင်ဟိုဆိုတာ ဒီလိုလား

စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် ပြီးခဲ့တဲ့ ဩဂုတ် ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ပွဲမှာ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုရဲ့ အပြုအမူနဲ့ပတ်သက်ပြီး ဥရောပ ဘောလုံးအဖွဲ့ချုပ်ရဲ့ စည်းကမ်းထိန်းသိမ်းရေးကော်မတီက စတင်စုံစမ်းမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

ပြဿနာတက်ခဲ့

အဲဒီနေ့က ရီးရဲမက်ဒရစ်တို့ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနေတဲ့အချိန်မှာ ရီးရဲမက်ဒရစ်ကစားသမား မာဆယ်လိုက ဘာစီလိုနာမှ ဖာဘရီဂတ်စ်ကို ကြမ်းကြမ်းတမ်းတမ်း ကစားခဲ့လို့ အနီကတ်ပြထုတ်ပယ်ချိန်ကစပြီး ကစားသမားတွေ အချင်းချင်းနဲ့ အပြင်ဒိုင်လူကြီးတွေနဲ့ပါ အငြင်းပွားကာ ပြဿနာတွေတက်ခဲ့တာ ဖြစ်ပါတယ်။

ဘောလုံးကွင်းထဲ အဲဒီလိုဖြစ်ပွားပြီး အရှုံးနဲ့ရင်ဆိုင်ခဲ့ရတဲ့ မော်ရင်ဟိုဟာ ပွဲပြီးလို့ သတင်းစာရှင်းလင်းပွဲအပြီးမှာ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက

မော်ရင်ဟိုနှင့် ဘာစီလိုနာလက်ထောက်နည်းပြအပါအဝင် ဘောလုံးသမားနှင့် အငြင်းပွားမှု ဤသို့ဖြစ်ခဲ့ကြသည်။

ဘာစီလိုနာအသင်း လက်ထောက်နည်းပြ တီနိုဗီလာနိုဗာဆီရဲ့မျက်လုံးကို သူ့ရဲ့ လက်ညိုးနဲ့ထိုးခဲ့တာမို့ ပြဿနာတွေ ကြီးထွားခဲ့ခြင်းဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ အဲဒီ အပြုအမူဟာ စက္ကန့်ပိုင်းအတွင်း ဖြစ်ခဲ့တာဆိုပေမယ့် ရုပ်မြင်သံကြားရိုက်ကွင်းထဲမှာ ထင်ထင်ရှားရှား ပေါ်ထွက်လာတာမို့ ဘာစီလိုနာကစားသမားတွေနဲ့ ပရိသတ်တွေ မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။

မော်ရင်ဟိုဟာ ကိုယ်နှုတ်အမူအရာ ရိုင်းပျသူတစ်ဦးဖြစ်ပြီး သေးသိမ်တဲ့ အလုပ်တွေ လုပ်တတ်သူတစ်ဦးလို့ ဘာစီလိုနာကွင်းလယ်ကစားသမား ဇာဗီက ဝေဖန်ပြောကြားခဲ့ပါတယ်။ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာကတော့ ပြိုင်ပွဲအနေအထားအရ စိတ်ခံစားမှု ပြင်းထန်တဲ့ အနေအထားဆိုပေမယ့် ဒီလိုအပြုအမူတော့ မလုပ်သင့်ပါဘူးလို့ ပြောကြားခဲ့ပါတယ်။

ဝေဖန်ပြစ်တင်

ရီးရဲမက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုဟာ ဒီလိုအပြုအမူမျိုးနဲ့ဆိုရင် ဥရောပထိပ်တန်း ကလပ်အသင်းတစ်သင်းရဲ့ နည်းပြတာဝန် မပေးသင့်ဘူးလို့လည်း ဘာစီလိုနာကစားသမားတွေက ဝေဖန်ပြစ်တင်ခဲ့ပါတယ်။ ဥရောပဘောလုံးအဖွဲ့ချုပ် အနေနဲ့ ပြင်းပြင်းထန်ထန်အရေးယူသင့်တယ်လို့ ပြောကြားနေတဲ့အပြင် နောက်ပွဲစဉ်တွေမှာ ရီးရဲမက်ဒရစ်အသင်းနဲ့ကစားဖို့ စဉ်းစားသင့်တယ်လို့ ဘာစီလိုနာ ပရိသတ်တွေကလည်း ပြောကြားနေပါတယ်။

တာဝန်ယူခဲ့စဉ်က

မော်ရင်ဟိုရဲ့ ရီးရဲမက်ဒရစ်အသင်းဟာ နည်းဗျူဟာပိုင်းမှာ ဘာစီလိုနာကို မယှဉ်နိုင်တဲ့အပြင် ကစားသမားတစ်ဦးချင်းမှာရော၊ အသင်းလိုက်ကစားအားမှာရော ဘယ်လိုမှမယှဉ်နိုင်ပါဘူး။ ရာသီအကြိုခြေစမ်းပွဲတွေနဲ့ ကစားသမား ဖြည့်ဆည်းမှု အပိုင်းမှာ ရီးရဲမက်ဒရစ်တို့က အားကောင်းခဲ့ပေမယ့် တကယ့်ပြိုင်ဘက်ဖြစ်တဲ့ ဘာစီလိုနာနဲ့တွေ့တဲ့အခါ ငယ်နိုင်လိုမျိုး အရှုံးနဲ့ရင်ဆိုင်နေရတာမို့ ရီးရဲမက်ဒရစ် နည်းပြ မော်ရင်ဟိုအနေနဲ့ အခုလို မဆင်မခြင်ပြုမူတွေ လုပ်ခဲ့တာနဲ့ ဖြစ်ဟန်တူပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မော်ရင်ဟိုဟာ ရီးရဲမက်ဒရစ်အသင်းရဲ့ ဂုဏ်သိက္ခာနဲ့ ရီးရဲမက်ဒရစ်ပရိသတ်တွေအပေါ် အလေးဂရုပြုသင့်တဲ့အပြင် အားကစားစိတ်ဓာတ်ကင်းမဲ့တဲ့လုပ်ရပ်မျိုး မလုပ်သင့်ဘူးလို့ ရီးရဲမက်ဒရစ်ကလပ်ရဲ့ အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောကြားနေတာမို့ မော်ရင်ဟိုနဲ့ ရီးရဲမက်ဒရစ်ကလပ်ဟာ ရေရှည်လက်တွဲလို့ မရနိုင်တော့တဲ့ အခြေအနေမျိုး အက်ကြောင်းထင်ရတဲ့ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာရတော့တာပါပဲ။ မော်ရင်ဟိုဟာ ပေါ်တူဂီကလပ် ပေါ်တိုမှာ ဘောလုံးနည်းပြ တာဝန်ယူခဲ့စဉ်ကလည်း လစ္စဘွန်းအသင်းနဲ့ပွဲမှာ ဒီမဖွယ်မရာအပြုအမူမျိုးတွေ လုပ်ခဲ့ဖူးပါတယ်။ စပိန်ဘောလုံးလောကမှာလည်း ဒီလိုမျိုးတွေ နောက်ထပ်မလုပ်နိုင်အောင် ဥရောပဘောလုံးအဖွဲ့ချုပ်က အရေးယူပေးဖို့ တောင်းဆိုမှုတွေလည်း စပိန်ပရိသတ်က ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် မော်ရင်ဟိုဟာ ဥရောပဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့ စုံစမ်းစစ်ဆေးမှုခံရမှာဖြစ်လို့ အပြစ်ပေးမှုခံရမှာ သေချာသလောက်ဖြစ်နေတယ် ဆိုတာပါပဲ။

ကိုးကား-အင်တာနက်

ဗလင်စီယာမှ မာတာအား ပေါင် ၂၃ သန်းခွဲဖြင့် ချယ်လ်ဆီးစာချုပ်



အဓိက ကစားပေး

လန်ဒန် ဩဂုတ် ၂၃

စပိန်ကလပ်ဗလင်စီယာ တောင်ပံကစားသမား ဂျူအန်မာတာ(ဝဲပုံ)အား ချယ်လ်ဆီးအသင်းက ပေါင် ၂၃ဒသမ ၅သန်းဖြင့်ခေါ်ယူရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။ အသက် ၂၃ နှစ်ရှိ တောင်ပံကစားသမား ဂျူအန်မာတာ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှု ခံယူနေပြီဖြစ်ကြောင်း ချယ်လ်ဆီးတာဝန်ရှိသူများက ပြောကြားသည်။

မာတာသည် ၂၀၀၇ခုနှစ်က ဗလင်စီယာသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်က မာတာသည် စပိန်ယူ-၂၁တွင်လည်း အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားပေးခဲ့ရာ ဆုဖလားဆွတ်ခူးပေးနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့သည်။ ထို့အပြင် ၂၀၁၀ခုနှစ် စပိန်အသင်း ကမ္ဘာ့ဖလားဆွတ်ခူးခဲ့ရာတွင်လည်း ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ မာတာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဗလင်စီယာအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အမှတ်ပေးဇယားတတိယနေရာရအောင်လည်း အဓိက ကစားပေးခဲ့သူဖြစ်သည်။

(အင်တာနက်)

အင်္ဂလိပ် ဂေါက်သီးကစားသမား အိုလီဗာဖစ်ရှာ ချက်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုဖလားရရှိ

လန်ဒန် ဩဂုတ် ၂၃

အင်္ဂလိပ်ဂေါက်သီးကစားသမား အိုလီဗာဖစ်ရှာသည် ချက်အိုးပင်းဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ဩဂုတ် ၂၂ ရက်က သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျှော့ရိုက်ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(ယာပုံ)**

အိုလီဗာဖစ်ရှာသည် နောက်ဆုံးနေ့က ၆၉ချက်ရိုက်ပြီး ချက်အိုးပင်း ဂေါက်သီးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုဖလားသည် ၎င်း၏ပထမဆုံးသော ဥရောပပြိုင်ပွဲ ဆုဖလားဖြစ်သည်။ အသက် ၂၂ နှစ် အရွယ်ရှိ ဖစ်ရှာသည် ဆွီဒင်ဂေါက်သီးကစားသမား မီခေးလ်လမ်းဘတ်ထက် နှစ်ချက် အသာရိုက်ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ မီခေးလ်သည် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ အိုလီဗာဖစ်ရှာသည် လန်ဒန်မြို့သားဖြစ်ပြီး ၂၀၀၅ ခုနှစ်က Walker Cup ပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဂေါက်သီးကစားသမားဖြစ်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-ရေးသားသည်

အားကစားသတင်းအတိုအထွာ

မန်ယူနိုင်ပွဲဆက်

ပရီမီယာလိဂ်ထိပ်သီးမန်ယူနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ ဩဂုတ် ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်ယူက သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ မန်ယူအသင်းအတွက် ယင်းအနိုင်ပွဲသည် ဒုတိယမြောက် ပရီမီယာလိဂ်နိုင်ပွဲဖြစ်ပြီး မန်ယူတို့နိုင်ပွဲဆက်ခဲ့ခြင်း ဖြစ်သည်။

အာဆင်ဝင်းဂါး နှစ်ပွဲပိတ်ပင်ခံရ

ပွဲပိတ်ပင်ခံထားရသည့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ချန်ပီယံလိဂ်ခြေစစ်ပွဲအဖြစ် အီတလီစီးရီးအေကလပ် အူဒီးနိစ်နှင့် ဩဂုတ် ၁၆ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ၎င်း၏ လက်ထောက်နည်းပြအား ညွှန်ကြားမှုများ ပြုလုပ်ခဲ့သဖြင့် ယူအီးအက်ဖ်အေက နှစ်ပွဲပိတ်ပင်လိုက်သည်။ အာစင်ဝင်းဂါးသည် လာမည့် ချန်ပီယံလိဂ် ခြေစစ်ပွဲ ဒုတိယအကျော့ပြိုင်ပွဲနှင့် အခြားချန်ပီယံလိဂ်ပွဲတစ်ပွဲတို့ လွဲချော်မည်ဖြစ်သည်။ ၎င်းအား ယူအီးအက်ဖ်အေက ယူရို ၁၀၀၀၀ ကိုပါ ဒဏ်ရိုက်လိုက်သည်။

နာဆရီအား မန်စီးတီးစာချုပ်မည်

အာဆင်နယ်ကွင်းလယ်ကစားသမား နာဆရီအား ၄၈ နာရီအတွင်း မန်စီးတီးက ခေါ်ယူစာချုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း မန်စီးတီးအသင်းနည်းပြ မန်စီနီက ပြောကြားသည်။ မန်စီးတီးက ပေါင် ၂၃ သန်းဖြင့် စာချုပ်ဖွယ်ရှိကြောင်းလည်း ပရီမီယာလိဂ်မီဒီယာများက ဖော်ပြသည်။

(အင်တာနက်)

ဟိုပန်၌ ခုတင်(၅၀)ဆံ့ဆေးရုံဖွင့်၊ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ဟိုပန် ဩဂုတ် ၂၂

ရှမ်းပြည်နယ် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ခုတင် (၅၀)ဆံ့ ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ဆေးရုံအဆောက်အအုံသစ်ကို 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းထူး(ခ) ဦးထွန်းလူ၊ အဖွဲ့ဝင် ဦးစိုင်းလှဖေနှင့် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်အောင်တို့က ခုတင် (၅၀) ဆံ့ ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လက်ခံယူ

ဆက်လက်၍ ခုတင် (၅၀)ဆံ့ ဆေးရုံအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို Asia World ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်ထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်းကို လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပေးအပ်လှူဒါန်းရာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက လက်ခံယူသည်။

လှူဒါန်းခဲ့

ဆက်လက်၍ အလှူရှင်များက ငွေကျပ် ၁၆၆၇၁၅၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၄၀၂)

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ရမည်းသင်း၌ ရှင်းလင်း

ရမည်းသင်း ဩဂုတ် ၂၂

ရမည်းသင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်သိန်း **(အပေါ်ပုံ)** သည် ဩဂုတ် ၁၇ ရက်က ရမည်းသင်းမြို့နယ် ရွာတန်းအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရာ၌ ဖြေလျှော့ဆောင်ရွက်ပေးနေသည့် စနစ်များနှင့်စပ်လျဉ်းသည်များကို ဆွေးနွေးဟောပြောသည်။

ဖြန့်ဝေ

ထို့နောက် ဖြေလျှော့ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၄၁၆)

မြို့နယ် သတင်းထွေထွေ

လှူဒါန်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များ ဇူလိုင် ၂၇ ရက်က ဘုရားကုန်းအထက်တန်းကျောင်းခွဲသို့ CDMA ဖုန်း တစ်လုံး လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ မော်လမြိုင်မြို့နယ်၌ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၂

မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ပညာရေးမိသားစု စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၄ ရက်က မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ်ရှိ ဓမ္မာရုံ၌ကျင်းပရာ မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ်နေ အလှူရှင် ဦးခင်သိန်း-ဒေါ်နှင်းကြည်၊ (သား)ဦးခင်ဝင်း မိသားစု၊ ပြည်နယ်ပညာရေးမှူးဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်တို့က မော်လမြိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၃၈ ကျောင်းအား တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းပြီး ဓမ္မစကြာဝတ်ရွတ် ပထမဆုရ မော်လမြိုင် အထက(၃)ကို ငွေကျပ်သုံးသိန်း၊ **(အပေါ်ပုံ)** ဒုတိယဆုရ အလက-စမ်းကြီးကို ငွေကျပ်နှစ်သိန်း၊ တတိယဆုရ အထက(၁၀)ကို ငွေကျပ်တစ်သိန်းငါးသောင်းနှင့် နှစ်သိမ့်ဆုရအဖွဲ့ခုနစ်ဖွဲ့အား ငွေကျပ်ငါးသောင်းစီကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၀၇)

ဝမ်းတွင်း၌ စုပေါင်းလှူဒါန်းပွဲကျင်းပ

ဝမ်းတွင်း ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယ စုပေါင်းအလှူပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက လှူဒါန်းကြရာ ရိုးစုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး စုပေါင်းလှူဒါန်းပွဲအထိမ်းအမှတ်အဖြစ် ညနေ ၃ နာရီတွင် ရိုးစုံကျေးရွာ လူငယ်များ၏ ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။ (၄၁၄)

အမှာစကားပြောကြား

ဝါးခယ်မမြို့နယ် ကျန်းမာရေးဦးစီးဌာနက ဦးစီးကျင်းပသည့်အမျိုးသားအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံကြီးသင်တန်းခန်းမ၌ ဩဂုတ် ၅ရက်က ကျင်းပရာ အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကိုထွန်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(စင်ထရယ်)အထက(၁)လသာကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများက နှစ်စဉ်ပူဇော်မြဲဆရာ ဆရာမကြီးများအား အောက်တိုဘာ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမဆောင်၌ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုပါက ဗိုလ်မှူးခင်ညို (ငြိမ်း) ဖုန်း-၀၉-၅၄၀၉၀၃၄၊ ဦးခင်မောင်စိန် ဖုန်း-၀၉-၅၀၀၄၀၅၂၊ ဦးအောင်ခိုင် ဖုန်း-၀၉-၅၀၆၈၉၆၈၊ ဦးခင်မောင်ကို ဖုန်း-၀၁-၂၉၃၄၄၈၊ ဦးခင်မောင်ကြီး ဖုန်း-၀၁-၂၂၂၄၈၄၊ ဦးသိန်းဇံ ဖုန်း-၀၉-၉၉၂၅၈၃၁၊ ဦးထင်ကျော် ဖုန်း-၀၉-၅၁၈၆၀၂၁နှင့် ဦးအေးထွန်း ဖုန်း-၀၉-၅၁၅၉၂၇၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာရည်ချွန်ဆုပေးပွဲနှင့်ကွန်ပျူတာသင်တန်းဖွင့်ပွဲ သဃ်န်းကျွန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် (၅)လမ်း ပိဋကတ်တိုက်ကျောင်း ရောင်ခြည်သစ်(အခမဲ့)ပညာဒါန တက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူကိုးဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ပြီး တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေးအတွက် ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို **(အပေါ်ပုံ)** ဩဂုတ် ၇ရက် မွန်းလွဲ ၁နာရီက အဆိုပါ သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (၀၂၅)

စုပေါင်းလှူဒါန်းပွဲ ကျုံပျော်မြို့နယ်၌ကျင်းပ

ကျုံပျော် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများ၊သီလရှင်ပရိယတ္တိစာသင်တိုက်များသို့ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက ပြည်လုံးပေါ်ဘုရားကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုးသူရ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးဟန်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြပြီး ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် စုစုပေါင်းငွေကျပ် ၂၈၇၇၆၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှုခင်းကျဆင်းရေး ဟောပြောပွဲကျင်းပ

လပွတ္တာ ဩဂုတ် ၂၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဟောပြောပွဲကို ဇူလိုင် ၃၁ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ဝဲပုံ)** ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားပြီး ခရိုင်တရားသူကြီး ဒေါ်ခင်လေးယုနှင့် ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးဝင်းကြည်က မှုခင်းကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

ဆွေးနွေးမေးမြန်း

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လပွတ္တာမြို့သစ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

24-8 (15).pmd 1 8/24/2011, 2:39 AM

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုက တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် ဆေးဝါးလုံလောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ မေးမြန်းသည်။

စီစဉ်ဆောင်ရွက်

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားရာ၌ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင်လျှင် ပြည်သူလူထုကို ရာနှုန်းပြည့်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသောလူနာများအား ဆေးဝါးလုံလောက်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံသို့လာရောက်ပြသသည့် လူနာဦးရေနှင့် လိုအပ်သည့်အခြေခံဆေးဝါးများ၏ တန်ဖိုးကို တွက်ချက်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးများဝယ်ယူခြင်းနှင့် စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းမှုအတွက် ခွင့်ပြုထားသည့်ရန်ပုံငွေများဖြင့် ဆေးရုံများသို့ အခြေခံဆေးဝါးများကို ပိုမိုပံ့ပိုးဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနတွင် မကြာမီကကျင်းပခဲ့သော "ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ" ၌ ပြည်သူ့ဆေးရုံများသို့ ဆေးဝါးများလုံလောက်စွာ ထောက်ပံ့နိုင်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်မှုများ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မေးမြန်းသည်။

ရေးဆွဲပြဋ္ဌာန်းခဲ့

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြန်လည်ဖြေကြားရာ၌ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရန်အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန် ၁၉၉၀ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၃ ❑

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

တပ် ကုန်း ဦး ပြောင်းဖူး လှိုင်လှိုင် ပေါ် သော် လည်း ဈေးအေးနေဆဲ။ (စာ-၇)

မြန် မာ့ ရွှေဈေးကွက် အတက်အကျ မြန်။ (စာ-၇)

စပါယ်ရှယ်ဝမ်းဆိုတဲ့ မော်ရင်ဟို ဆိုတာဒီလိုလား။ (စာ-၁၂)